# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ (9-11-2011) (၉၃၈)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



**အမှာစကားပြောကြား**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ရေဘေးသင့်ပြည်သူများအတွက် စားရေး၊ ဝတ်ရေး ဖြေရှင်းပေးထားပြီး နေရေးအတွက် ဆက်လက်ဆောင်ရွက်နေ

## အန္တရာယ်နီးသော မြစ်ချောင်းကမ်းပါးများအနီး နေထိုင်ကြသဖြင့် ဘေးအန္တရာယ်ကို မလွဲမသွေကြုံတွေ့ခဲ့ရ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က လုံခြုံစိတ်ချရသောနေရာများတွင် နေရာချထားပေးရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၈

**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ထိုသို့ ပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးမှာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖြစ်ပွားခဲ့သော ပခုက္ကူခရိုင်ရေဘေးမှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးရန်ဖြစ်ကြောင်း။**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပခုက္ကူခရိုင်အတွင်းရှိ ယောချောင်း၊ ကျောချောင်း၊ ယမားချောင်း၊ မြိုင်ချောင်းနှင့် ရွှေချောင်း အစရှိသည့် ချောင်းများမှ တောင်ကျချောင်းရေများသည် ပခုက္ကူမြို့နယ်၊ မြိုင်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်စသည့် မြို့နယ်လေးမြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက် ၁၀၂ ခုအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ကြောင်း။

ယင်းကဲ့သို့ တောင်ကျချောင်းရေများ ရုတ်တရက် အလုံးအရင်းဖြင့် ဝင်ရောက်မှုကြောင့် လူ ၁၆၁ ဦး၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်ကောင်ရေ ၃၃၈၄ ကောင်ကျော် သေဆုံးခဲ့ရပြီး အိမ်ခြေ ၂၅၃၅၊ အစိုးရအဆောက်အအုံ ၁၅ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၃၃ လုံး၊ သီးနှံမျိုးစုံစိုက်ခင်း ၅၃၇၈ ဧကကျော်နှင့် တံတားခုနစ်စင်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့ပြင် အိမ်ခြေ ၉၅၂၃ လုံး ရေဝင်နစ်မြုပ်ခဲ့ကာ ရေဘေးသင့်ပြည်သူ ၂၉၇၅၁ ဦးရှိခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအားဖြင့် ကျပ် ၁၅၄၄ ဒသမ ၅၉ သန်းဖြစ်ကြောင်း။

### ပထမအဆင့်

အဆိုပါရေဘေးနှင့်ပတ်သက်ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပထမအဆင့်အနေဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ဒုတိယသမ္မတက ၂၃-၁၀-၂၀၁၁ ရက်တွင် ရေဘေးသင့်ဒေသများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားခြင်း၊ လိုအပ်သည့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် စာရင်းဇယားများ ကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ တတိယအဆင့်အနေဖြင့် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၆-၁၀-၂၀၁၁ ရက်အထိ လိုက်လံအားပေးထောက်ပံ့ပြီး ရေဘေးသင့်ဒေသများသို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လမ်းညွှန်ဖြည့်ဆည်းပေးခဲ့ကြောင်း။

ဒုတိယသမ္မတ ခရီးစဉ်အတွင်း ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း ကျပ်သန်း ၃၀၇ ဒသမ ၀၅၆ တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## ကြေးမုံစာတည်းရှုထောင့်

၉-၁၁-၂၀၁၁ [ဗုဒ္ဓဟူးနေ့]။

### ပညာတတ် စိတ်ယဉ်ကျေးမှု မြင့်မားသူများဖြစ်အောင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများ ပေါင်းစည်းချစ်ကြည်ဖြစ်တည်နေသော နိုင်ငံ၊ နေရာတိုင်း၊ ဒေသတိုင်း၌ အသီးတစ်ရာ အညှာတစ်ခု ပြည်ထောင်စုတိုင်းရင်းသားများ နေထိုင်လျက်ရှိရာ နိုင်ငံ၊ တိုင်းရင်းသား ပြည်သူများ ခိုင်ခိုင်မြဲမြဲ လက်တွဲမဖြုတ် စည်းလုံးညီညွတ်သော နိုင်ငံ။

ယနေ့နိုင်ငံ၏ အခြေအနေသည် ခေတ်သစ် စနစ်သစ်ဆီ ကူးပြောင်းသည့် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေသောကာလ။ အေးချမ်းသာယာသည့် ဒီမိုကရေစီနိုင်ငံသစ်ကို ပြည်သူတို့၏ ဆန္ဒနှင့်အညီ တည်ဆောက်နေသော အချိန်ဖြစ်သည်။ တိုးတက်ပြောင်းလဲသည့် စီးပွားရေးစနစ်ကို ထူထောင်တည်ဆောက်နေရသော ကာလဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီကျင့်စဉ် အနှစ်သာရများ လွှမ်းခြုံကျင့်သုံးရရှိနေအောင် ကြိုးပမ်းအားထုတ်နေချိန်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အငြိမ်းချမ်းဆုံး၊ အသာယာဆုံး၊ နေချင့်စဖွယ် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်သည်။ နယ်စွန်နယ်ဖျား မြို့ပြကျေးလက်မကျန် ငြိမ်းချမ်းသာယာမှသာ စီးပွားရေးဖွံ့ဖြိုးအောင် အလွှာစုံ၊ ကဏ္ဍစုံက မဆုတ်မနစ် ကြိုးပမ်းနိုင်ကြမည်ဖြစ်သည်။

နိုင်ငံကို ခေတ်မီအောင် တည်ဆောက်ရာတွင် ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များသည် အဓိကကျ၏။ သို့သော် သဘာဝကျကျ စဉ်းစားတွေးခေါ်မြော်မြင်နိုင်၊ ဆင်ခြင်တုံတရား ထားနိုင်ကြသည့် ပညာတတ်များ မွေးထုတ်ပေးရန် လိုအပ်လာ၏။ ကျောင်းပညာသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး ညီတူမျှတူ ဖွံ့ဖြိုးလာအောင် ထိန်းမတ်ပျိုးထောင်ကြရမည်ဖြစ်၏။ သို့မဟုတ်ပါက စိတ်ယဉ်ကျေးမှုကျဆင်းလာသည့်လူငယ်များ ပေါ်ထွက်လာနိုင်သည်ဖြစ်ရာ အနာဂတ်အတွက် စိုးရိမ်ဖွယ်ကြုံရနိုင်၏။

ထို့ကြောင့် ပညာရေးလောကနှင့် ဆက်နွယ်နေသည့် မိဘ၊ ဆရာနှင့် သားသမီးများအနေဖြင့် ကျင့်သုံးနေဆဲ အယူအဆများကို စောကြောကြရန် လိုအပ်လာပြီဖြစ်၏။ သားသမီးများ အမှတ်ကောင်းရရေး ကျူရှင်သွား၊ ကျောင်းတက် စမတ်ကျကျနေတတ်ရုံ၊ စာတတ်ရုံသက်သက်ဖြင့် တန်ဖိုးမြင့်သူများ ဖြစ်မလာနိုင်။ ဆရာများကလည်း တပည့်များ အရည်အသွေးပွင့်အောင် ဖွင့်၊ မိဘကလည်း နည်းမှန်လမ်းမှန်ဖြင့် ပညာသင်ကြားနိုင်ရန် ပံ့ပိုးပေးဖို့ လိုသည်။

အထူးသဖြင့် မိဘတို့က သားသမီးများအပေါ် ကျောင်းစာတစ်ခုတည်းတွင် ပိတ်လှောင်မထားဘဲ ပတ်ဝန်းကျင်ကမ္ဘာနှင့် လိုက်လျောညီထွေဖြစ်အောင် ဂရုစိုက်သင့်သည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေး ကောင်းမွန်အောင် စနစ်တကျ ပျိုးထောင်ပေးခြင်းဖြင့်သာ လူမှုပတ်ဝန်းကျင်တွင် ပညာလည်းတတ်၊ စိတ်ယဉ်ကျေးမှု မြင့်မားသူများလည်းဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးသင့်ကြောင်း ကြေးမုံက ရှုမြင်ပါသည်။ ။

## ပင်စင်ဦးစီးဌာနက တိုးမြှင့်ပင်စင်လစာတောင်းခံလွှာ လက်ခံရရှိပြီးသူများအနက် ၉၁ ရာခိုင်နှုန်းကျော်အား လစာထုတ်ခွင့်ဆောင်ရွက်ပေးပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၈**

ပင်စင်ဦးစီးဌာနအနေဖြင့် နိုဝင်ဘာ ၄ ရက်အထိ တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာ ၅၀၄၉၁၁ ဦး လက်ခံရရှိခဲ့ပြီး ၄၆၃၆၂၃ ဦး (၉၁ ဒသမ ၈၂ ရာခိုင်နှုန်း)အား လစာထုတ်ခွင့် ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် ဆောင်ရွက်ဆဲတောင်းခံလွှာ ၄၁၂၈၈ ဦး၊ ( ၈ ဒသမ ၁၈ ရာခိုင်နှုန်း)သာ ကျန်ရှိသည်။ လက်ကျန်တောင်းခံလွှာအများစုမှာ လစာတွက်ချက်ရန် အချက်အလက်မပြည့်စုံသည့်အတွက် သက်ဆိုင်ရာမိခင်ဌာနများနှင့် ပူးပေါင်း၍ ပြီးပြတ်အောင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တိုးမြှင့်ပင်စင်လစာတောင်းခံလွှာတင်ရန် ကျန်ရှိသူများသည် မိခင်ဌာနများသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ဌာနများကလည်း မိမိတို့လက်ဝယ်ရှိ တောင်းခံလွှာများကို အမြန်စိစစ်၍ ပင်စင်ဦးစီးဌာနသို့ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၈-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၆၅၁၁ | ၀. ၀၃၂၆၃ |
| တရုတ် (ယွမ်) | ၆. ၃၄၆၈၇ | ၀. ၁၅၇၅၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၃၉၉၉ | ၀. ၀၂၀၂၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၅၀၂ | ၀. ၃၂၀၀၀ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၀၈၂ | ၀. ၇၈၆၈၉ |
| ဂျပန် (ယန်း) | ၇၇. ၉၈၂၆ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၈. ၅၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၂၄၉၇ | ၁. ၃၇၉၃၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၂၂၈ | ၁. ၆၀၇၀၀ |

*အင်တာနက်။*

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား မလေးရှားနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Ahmad Muhamad နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်သွယ်မှုကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ICT ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံကြား Bilateral Roaming နှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာအုပ်စျေးပွဲတော်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာအုပ်စျေးရောင်းပွဲတော်ကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် သာကေတမြို့နယ် ဗိုလ်မှူးဗထူးဥယျာဉ်အတွင်း၌ ကျင်းပသည်။ စာပေဟောပြောပွဲ၌ နိုဝင်ဘာ၈ ရက်တွင် စာရေးဆရာ မနုဿကျော်ဝင်း၊ မစန္ဒာ၊ ချစ်ဦးညိုတို့က ဟောပြောပြီး နိုဝင်ဘာ ၉ ရက်တွင် စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)၊ ကြူကြူသင်း၊ မြင်းမူမောင်နိုင်မိုးတို့က ဟောပြောမည်ဖြစ်ကာ စာအုပ်စျေးပွဲတော်ကို နိုဝင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒလမြို့နယ်လုံးကျွတ် စုပေါင်းလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၏ (၂၁)ကြိမ်မြောက် မြို့နယ်လုံးကျွတ်စုပေါင်း မဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၆ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ တက်ရောက်ကြပြီး ပဒေသာပင် ၄၇ ပင် အပါအဝင် လှူဖွယ်ပစ္စည်းနှင့် လှူဒါန်းငွေစုစုပေါင်းတန်ဖိုးငွေကျပ်မှာ ၁၀၈၅၁၀၆၀ ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)** (၆၁၁)



## စိန့်မိုက်ကယ်ကျောင်း (၁၂)ကြိမ်မြောက် အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

စိန့်မိုက်ကယ်ကျောင်း (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ဆရာ၊ ဆရာမဟောင်းများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ဒေါက်တာစိန်မြင့်မောင် (ကလိုက်) ဖုန်း-၀၉-၇၃၁၅၇၃၉၃၊ ဦးအုန်းမောင် ဖုန်း-၀၉-၇၃၀၃၇၅၈၅၊ ဦးချာလီချီးယား ဖုန်း-၀၁-၂၉၈၃၅၁၊ ဒေါ်အေးအေးသန်း (အဲလစ်မောင်) ဖုန်း-၀၁-၅၅၅၉၅၈၊ ဦးရွှေရ ဖုန်း-၀၉-၇၃၀၂၀၈၉၅၊ ဒေါက်တာဝင်းအောင် ဖုန်း-၀၉-၅၀၈၃၄၆၁ နှင့် ဒေါက်တာကျော်ဝင်း ဖုန်း-၀၉-၈၀၂၃၈၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှားသွား

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့နံနက် ၆ နာရီ ၂၂ မိနစ် ၁၅ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၁၅၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(နမ့်စန်မြို့၏ အရှေ့မြောက် ဘက်၂၅ မိုင်ခန့်အကွာ)နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိကြောင်း သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

## မန္တလေး ကုန်စည်စျေးနှုန်း

(၈-၁၁-၂၀၁၁)

**ရွှေစျေး**

| | |
|---|---|
| အခေါက်ရွှေ (အဆင့်-၁) | ၇၂၇၀၀၀ |
| အခေါက်ရွှေ (အဆင့်-၂) | ၇၂၆၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၅၃၅၀၀ |

**ဆန်စျေး**

**(သန့်စင်ပြီး တစ်တင်းခွဲ အိတ်စျေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲသစ်(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀ |

**ဆီစျေး**

| | |
|---|---|
| ပဲဆီ | ၂၈၀၀ / ၃၆၀၀ |
| နှမ်းဆီ | ၂၄၀၀ / ၂၄၅၀ |
| ပန်းနှမ်းဆီ | ၂၈၀၀ / ၂၈၅၀ |
| နေကြာဆီ | ၂၈၀၀ / ၃၀၀၀ |
| မုန်ညင်းဆီ | ၂၈၀၀ / ၂၈၀၀ |
| စားအုန်းဆီ | ၁၇၉၀ / ၁၈၁၀ |

**သကြားဒိုင်စျေးနှုန်း**

| | |
|---|---|
| ခါသကြား | ၇၆၀ / ၇၇၀ |
| ပွတ်သား | ၆၃၀ / ၆၂၀ |
| ခါရေ | ၃၂၀ / ၃၂၅ |
| ပေါင်းရေ | ၂၆၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၁၄. ၂၀ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀ / ၄၃၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၅၀၀ / ၃၃၀၀ |

**(၀၀၂)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှာဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ လျှပ်တစ်ပြက်
- ၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၄၅ ၇။ ရှေးဟောင်းသုတ
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁၅)**
- ၆း၀၀ ၁၀။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ **Mail Box**
- ၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၇၂)
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၆၈)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -အပျိုကြီးမမရယ် (ပထမပိုင်း) (မိုလ်ခန်း၊ ဆုပြည့်စိုးလွင်၊ ခင်လှိုင်၊ ကောင်းစံနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၈)**
- ၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်ညှော်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံ ခေတ်မီဘက်စုံစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် Modern Agriculture Comprehensive Development Program of Myanmar စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CETC International Co., Ltd. ဥက္ကဋ္ဌ Mr. Yan Ligin နှင့် ဒုတိယဥက္ကဋ္ဌ Madam Lu Hua ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။**(အောက်ပုံ)**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံကြား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၊ တည်ဆောက်ရန်လိုအပ်နေသော ဆည်ရေသောက်စနစ်များနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ချေးငွေအကူအညီပေးအပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လယ်ယာထုတ်ကုန်များအား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ လုပ်ငန်းများကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# သံအမတ်ကြီး ဦးကျော်စွာမင်းအား ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ပူးပေါင်းအဖွဲ့ဖြင့် ပခုက္ကူခရိုင်ရေဘေးသင့်ဒေသအတွင်း တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးနှင့် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၈

**မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၌ အောက်တိုဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့နယ်များရှိ ကျေးရွာ ၁၀၂ ရွာသို့ ချောင်းရေများ ရုတ်တရက်ဝင်ရောက်ခဲ့ရာ နွား ၉၀၂ ကောင်၊ ဝက် ၃၂၂ ကောင်၊ ဆိတ် ၁၇၀၅ ကောင်နှင့် ကြက် ၄၅၅ ကောင် ပျက်စီးဆုံးရှုံးခဲ့ရသည်။**

အဆိုပါ ရေဘေးကျရောက် ပြီးနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန် ၂၂ဦး ပါဝင်သော ပူးပေါင်းအင်အား ၅၃ ဦးသည် အဆိုပါဒေသရှိ ကျေးရွာပေါင်း ၈၆ ရွာသို့ သွားရောက်ပြီး တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးနှင့် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန် တိရစ္ဆာန်ကောင်ရေ ၂၂၈၂၃ ကောင်အား လည်ချောင်းကွဲ၊ ပေါင်ပုပ်လက်ပုပ်၊ ထောင့်သန်းနှင့် ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ထိခိုက်ဖျားနာသော တိရစ္ဆာန်ကောင်ရေ ၁၀၅၃ ကောင်အား ဆေးကုသပေးခြင်း၊ ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ဆက်လက် ဆေးကုသမှုပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်ခဲ့ပြီး ကူးစက်ရောဂါနှင့် အခြားရောဂါများ ဆက်လက်ဖြစ်ပွားမှုရှိ၊ မရှိ ရောဂါစူးစမ်းထောက်လှမ်းမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် တိရစ္ဆာန် ကျန်းမာရေးလုပ်ငန်းနှင့် ကာကွယ်ကုသရေးလုပ်ငန်းများ၊ တိရစ္ဆာန်မျိုးနှင့် အစာရရှိရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ ဒေသခံမွေးမြူရေးသမားများအတွက် မွေးမြူရေး ချေးငွေရရှိရေး ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၉-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**[၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်(အဖိတ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၅။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၀ | ၆။ | အဆိုပြိုင်ပွဲ |
| ၈း၁၅ | ၇။ | အဖိုးတန်အသုံးဝင် မြန်မာ့ဆင် |
| ၈း၃၀ | ၈။ | မျိုးမျိုးကြွကြွယဉ်ကျေးမှုအက |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | တန်ဆောင်တိုင်တေးများ |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၀၅ | ၂။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အက |
| ၄း၁၅ | ၃။ | သီချင်းကြီးပဒေသာ |
| ၄း၂၅ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အထူးပြုအားလုံး) (မြန်မာ့ရေးရာ) |
| ၄း၄၀ | ၅။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၄၅ | ၆။ | Intrnational Science News |
| ၅း၀၀ | ၇။ | တန်ဆောင်တိုင်တေးများ |
| ၅း၁၅ | ၈။ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၅း၂၅ | ၉။ | "ပီသကြည်မြမဟာဂီတ" (အပိုင်း-၂) |
| ၅း၄၀ | ၁၀။ | "ခြိမ့်ခြိမ့်သဲသဲပျော်ရွှင်နွဲ့ တောင်ကြီးမြို့ရဲ့ တန်ဆောင်တိုင်ပွဲ" |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၆း၃၅ | ၁၄။ | ရွှေရင်ခုန်သံ |
| ၇း၀၀ | ၁၅။ | "ထုတ်ကုန်များအရည်အသွေးမီ အမှတ်(၂)စက္ကူစက်ရုံ ရေနီ" |
| ၇း၁၀ | ၁၆။ | ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၃) |
| ၇း၂၅ | ၁၇။ | ချင်းပြည်နယ်ခရီးသွားမှတ်တမ်း (အပိုင်း-၄) |
| ၈း၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | "ထပ်မံဖူးမြော်မြတ်စွယ်တော်" |
| | ၂၂။ | ပျော်ရွှင်ရင်ခုန်ပြကွက်စုံ |
| | ၂၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၅)** |
| | ၂၄။ | "လှပသောတမန်တော်" (My Dream) (တရုတ်နိုင်ငံမသန်စွမ်းသူများ အနုပညာအဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ် တင်ဆက်မှုအစီအစဉ်) |
| | ၂၅။ | အစီအစဉ်ပြီး၏။ |

# ဘိုးရာဇာ စာကြည့်တိုက်ဖွင့်

**မင်းဘူး နိုဝင်ဘာ ၈**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များနှင့်အညီ အောက်တိုဘာ ၃၀ ရက်က မင်းဘူး(စကု)ခရိုင် ငဖဲမြို့နယ် ပေကုန်းကျေးရွာ ဘိုးရာဇာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အဆိုပါစာကြည့်တိုက်ကို ငဖဲမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်/ဆက်ဦးစီးအရာရှိနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဦးခင်ဝင်းက စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်များ အကောင်အထည်ဖော်ရေး၊ ရေရှည်တည်တံ့ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆောက်အအုံမှာ အလျား ၂၄ ပေ × အနံ ၁၄ ပေ ရှိ အုတ်ညှပ်တစ်ထပ် သမံတလင်းခင်း သွပ်မိုးဖြစ်ပြီး နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်းနှင့် ပြည်သူထည့်ဝင်ငွေ ရှစ်သိန်းခွဲတို့ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့သည်။

(ကြေးမုံ)

# ထိုင်းနိုင်ငံရှိ မြန်မာသံရုံးက ဗန်ကောက်မြို့ရှိ ရေဘေးသင့် မြန်မာအလုပ်သမားများအား ကူညီစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာနိုင်ငံသံရုံးမှ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်သိမ်း ဦးဆောင်ပြီး မြန်မာသံရုံးဝန်ထမ်းများနှင့် မြန်မာလုပ်သားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ဝင် ဦးအောင်ခိုင်တို့သည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရေဘေးသင့်မြန်မာအလုပ်သမားများအတွက် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော နကပုထုန်ဒေသရှိ ဝက်လက်ခင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

သံအမတ်ကြီးက ယာယီနိုင်ငံကူးလက်မှတ်မရှိသူများအား မြန်မာသံရုံးက ထောက်ခံချက်လုပ်ပေးမည် ဖြစ်ကြောင်း၊ သံရုံးတံဆိပ်ဖြင့် ထောက်ခံချက် ထုတ်ပေးမည့်အပြင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနကလည်း ထပ်ဆင့်ထောက်ခံချက်ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ မြန်မာအလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုပါကလည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သံအမတ်ကြီးနှင့် အဖွဲ့သည် ကယ်ဆယ်ရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်သိမ်း ရေဘေးသင့် မြန်မာအလုပ်သမားများအား နကပုထုန်ဒေသရှိ ဝက်လက်ခင်ဘုန်းတော်ကြီးကျောင်း၌ အားပေးစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ကမ္ဘာလှည့်ခရီးသွားများအတွက် Yangon Tourist Map (YTM-14) အခမဲ့ဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co., Ltd. (D.P.S)သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Map အမျိုးမျိုးတို့ကို ၁၉၉၅ ခုနှစ်မှ စတင်ပြီး ထုတ်ဝေလျက်ရှိရာ ယခုထိစောင်ရေ ၁၈သိန်းကျော် စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်သည်။ ယခုပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် Yangon Tourist Map (YTM-14)တို့ကို စောင်ရေသုံးသောင်း အခမဲ့ဖြန့်ချိနေပြီဖြစ်သည်။

Yangon Tourist Map (YTM-14)တွင် မြန်မာပြည်အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ ရန်ကုန်Downtown နှင့် အခြားနေရာများကို Zoom ချဲ့၍ မွမ်းမံထည့်သွင်းထားသည်။ ပြည်တွင်းလေကြောင်းလိုင်းများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းများ၏တည်နေရာတို့ကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။

အဆိုပါလမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီအမှတ်တံဆိပ်ပါ ကိုယ်စားလှယ် လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)တွင် လည်းကောင်း၊ D.P.S မြေပုံထုတ်ဝေရေး အမှတ်(၁၆၅-၁၆၇)၊ ပထမထပ် (၃၅)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-(၉၅-၁) ၂၀၄၀၂၀၊ ၀၉-၅၀၃၀၁၇၇၊ ဖုန်း/ဖက်စ် (၉၅-၁) ၂၄၅၂၃၀ တွင်လည်းကောင်း ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နျူကလီးယားနည်းပညာ ပြည်ပတင်ပို့ရန် အီရန်အဏုမြူစွမ်းအင်အဖွဲ့ စဉ်းစားနေ

**တီဟီရန် နိုဝင်ဘာ ၈**

အီရန်နိုင်ငံသည် နျူကလီးယားနည်းပညာကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲ ဖာရီဒွန်အက်ဘာစီအား ကိုးကားလျက် မီဟာသတင်းဌာနက နိုဝင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိတို့နိုင်ငံသည် နျူကလီးယားဆိုင်ရာ စက်ပစ္စည်းကိရိယာများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးကိစ္စနှင့် ပတ်သက်၍ စဉ်းစားသုံးသပ်လျက်ရှိကြောင်း အက်ဘာစီက ပြောကြားသည်။

အီရန်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်းမှစ၍ နျူကလီးယားနည်းပညာအပါအဝင် နည်းပညာနယ်ပယ်အများအပြား၌ တိုးတက်အောင်မြင်မှုများရရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ အီရန်နိုင်ငံအနေဖြင့် နျူကလီးယားနည်းပညာကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်စွမ်းရှိလာပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းသောရည်မှန်းချက်များအတွက်ဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်နှင့် ၎င်း၏အနောက်အုပ်စု မဟာမိတ်နိုင်ငံများက နျူကလီးယားလက်နက် ထုတ်လုပ်နိုင်ရန် အီရန်နိုင်ငံကြိုးပမ်းနေသည်ဟု စွပ်စွဲပြောဆိုနေကြကြောင်း ၎င်းကပြောကြားသည်။

မကြာသေးမီက အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အနောက်အုပ်စုနှင့် တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။ အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများကို စစ်ရေးအရ တိုက်ခိုက်ဖွယ်ရှိသည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။

**ဆင်ဟွာ။**



၂၀၁၂ ခုနှစ် အိုလံပစ်အားကစားပွဲတော်အတွက် လန်ဒန်၌ တည်ဆောက်ထားသော အိုလံပစ်ဥယျာဉ်အဆောက်အအုံကို တွေ့ရစဉ်။



အီရန်နိုင်ငံရှိ ဘူရှီးယား အဏုမြူဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

# ဗြိတိန်ဝန်ကြီးချုပ်နှင့် လန်ဒန်မြို့တော်ဝန်တို့ အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ခွင့်မရှိ

လန်ဒန် နိုဝင်ဘာ ၈

**ဗြိတိန်နိုင်ငံတစ်ဝန်း၌ လာမည့်နှစ် မေ ၁၈ရက်မှစ၍ အိုလံပစ်မီးရှူးတိုင်ကို သယ်ဆောင်သည့်အခါ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် အခြားသော ရွေးချယ်တင်မြှောက်ခံအစိုးရ တာဝန်ရှိသူများအနေဖြင့် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်ခွင့်ရရှိမည် မဟုတ်ကြောင်း တယ်လီဂရပ်ဖ်သတင်းစာက ရေးသားဖော်ပြသည်။**

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပွဲတော် အထိမ်းအမှတ်မီးရှူးတိုင်ကို မေ ၁၈ရက်မှစ၍ ရက်ပေါင်း ၇၀တိုင်တိုင် နိုင်ငံတစ်ဝန်း လက်ဆင့်ကမ်းသယ်ဆောင်မည်ဖြစ်သည်။

အိုလံပစ်မီးရှူးတိုင်ကို နိုင်ငံတစ်ဝန်း၌ လက်ဆင့်ကမ်းသယ်ဆောင်ရာတွင် မော်တော်ကား၊ မော်တော်ဘုတ်၊ ဓာတ်ငွေ့ပူဖောင်း၊ ဆိုက်ကား၊ ရဟတ်ယာဉ်တို့အပါအဝင် ယာဉ်အမျိုးမျိုးအသုံးပြုကာ သယ်ဆောင်မည်ဖြစ်သည်။

နိုင်ငံတကာအိုလံပစ်ကော်မတီ၏ တင်းကျပ်သော ဥပဒေစည်းမျဉ်းများအရ အိုလံပစ်မီးရှူးတိုင်ကို သယ်ဆောင်ရာတွင် ထင်ပေါ်ကျော်ကြားသောနိုင်ငံရေးသမားများ ပါဝင်သယ်ဆောင်ခွင့်မရှိကြောင်း၊ သို့ဖြစ်ရာ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် လန်ဒန်မြို့တော်ဝန် ဘောရစ်ဂျွန်ဆင်တို့အနေဖြင့် အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်ခွင့်မရှိကြောင်း သတင်းစာတွင် ဖော်ပြသည်။

**အင်တာနက်။**



# ယူအေအီးမင်းသား တည်းခိုရာ ဟိုတယ်ခန်းမှ လက်ဝတ်ရတနာများ ခိုးယူသူကို ဖမ်းဆီး

**နယူးယောက် နိုဝင်ဘာ ၈**

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မှ မင်းသားတစ်ဦး တည်းခိုနေထိုင်ရာ ဟိုတယ်ခန်းအတွင်းမှ ဒေါ်လာ ၂၃၀၀၀၀ တန်ဖိုးရှိ လက်ဝတ်ရတနာများနှင့် အဖိုးတန်ပစ္စည်းများကို ခိုးယူခဲ့သည်ဟု စွပ်စွဲခံရသူ နယူးယောက်မြို့သားတစ်ဦးကို အမေရိကန်ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

နယူးယောက်ရဲတပ်ဖွဲ့သည် ဂျိမ်းစ်ဘန်းနက်(၄၅နှစ်)ကို နိုဝင်ဘာ ၄ရက်က ဖမ်းဆီးခဲ့သည်။ ရဲတပ်ဖွဲ့သည် ၎င်း၏ တိုက်ခန်းတွဲနေအိမ်ခန်းကို ရှာဖွေခဲ့ရာ၌ ခိုးယူခဲ့သောပစ္စည်းအချို့ကို သိမ်းဆည်းရမိခဲ့သည်။

ဒူဘိုင်းမင်းသား အာဝါအယ်လ်ကွာစီမီ တည်းခိုရာ နယူးယောက်မြို့ရှိ ပလာဇာဟိုတယ်အခန်းမှ အောက်တိုဘာ ၃၀ရက်တွင် အက်ပဲလ်ကုမ္ပဏီထုတ် လက်ကိုင်ဖုန်းများ၊ လက်ဆွဲအိတ်များ၊ လက်ဝတ်ရတနာများနှင့် ဒေါ်လာ ၁၀၀၀၀၀ တန် ရိုးလက်နာရီတစ်လုံး ခိုးယူခံခဲ့ရသည်။

ဂျိမ်းစ်ဘန်းနက်သည် ဖောက်ထွင်းခိုးယူသူတစ်ဦးဖြစ်ပြီး ဖောက်ထွင်းခိုးယူမှုဖြင့် ခုနစ်ကြိမ်မြောက် အဖမ်းခံရခြင်းဖြစ်သည် ဆို၏။

**အင်တာနက်။**

# အစ္စရေးနိုင်ငံက အီရန်ကိုတိုက်ရန် သုံးသပ်နေသည်ဟူသော သတင်းများ မီဒီယာများ၏ နှုတ်ကြောင်းပေးဖော်ပြမှုသာဖြစ်ကြောင်း အီရန်ပြောကြား

တီဟီရန် နိုဝင်ဘာ ၈

**အစ္စရေးနိုင်ငံက အီရန်ကိုတိုက်ခိုက်ရန်သုံးသပ်နေသည်ဟူသော မှန်းဆသတင်းများသည် သတင်းဌာနများ၏ နှုတ်ကြောင်းပေးထုတ်လွှင့်ဖော်ပြမှုများသာဖြစ်ကြောင်း၊ အီရန်နိုင်ငံသည် မည်သည့်ခြိမ်းခြောက်မှုမျိုးကိုမဆို ရင်ဆိုင်နိုင်စွမ်းရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး အာမက်ဗာဟီဒီက အင်္ဂါနေ့တွင် ပြောကြားသည်။**

အီရန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားသည် ခေတ်မီထက်မြက်ပြီး ခြိမ်းခြောက်လာမှုမှန်သမျှကို ကာကွယ်နိုင်စွမ်းရှိကြောင်း အာမက်ဗာဟီဒီ၏အဆိုအား ကိုးကား၍ နိုင်ငံပိုင် အိုင်အက်စ်အင်န်အေသတင်းဌာနက ဖော်ပြသည်။

### တိုက်တိုက်ဆိုင်ဆိုင်

အီရန်နှင့်ပတ်သက်၍ ပျံ့နှံ့ခဲ့သော စစ်ရိပ်စစ်ငွေ့ပါသည့် သတင်းများသည် မီဒီယာများ၏ အဖွသတင်းများသာဖြစ်ပြီး အစ္စရေးနှင့် အမေရိကန်ပြည်ထောင်စု နှစ်နိုင်ငံလုံး၌ ပြည်တွင်းရေးပြဿနာများ ကြုံနေရချိန်တွင် အဆိုပါသတင်းများ တိုက်တိုက်ဆိုင်ဆိုင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

### သတိပေးခဲ့

ကုလသမဂ္ဂ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ယခုရက်သတ္တပတ်အတွင်း အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အစီရင်ခံစာထုတ်ပြန်ခြင်းမရှိမီ နိုဝင်ဘာ ၆ ရက်၌ အစ္စရေးသမ္မတရှီမွန်ပီရက်စ်က အီရန်အား စစ်ရေးအရ အရေးယူရမည့်အနေအထားသို့ တရွေ့ရွေ့ နီးကပ်လာကြောင်း သတိပေးခဲ့သည်။

ယင်းအပြင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်တို့က အီရန်၏ နျူကလီးယားဆိုင်ရာနေရာဌာနများအား ထိုးစစ်ဆင်ရေးအတွက် အစိုးရအဖွဲ့၏ ထောက်ခံမှုရရန် ကြိုးပမ်းနေကြောင်း အစ္စရေးနိုင်ငံထုတ် ဟာရက်ဇ်သတင်းစာက ဖော်ပြခဲ့သည်။

### အဓိကအန္တရာယ်

အစ္စရေးသည် အီရန်နိုင်ငံအား အဓိကအန္တရာယ်အဖြစ် သတ်မှတ်ထားရာ ယင်းနိုင်ငံ နျူကလီးယားလက်နက် မပိုင်ဆိုင်ရေးအတွက် လိုအပ်သလို တားဆီးမည်ဖြစ်ကြောင်း သတိပေးပြီးဖြစ်သည်။

သို့ရာတွင် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များ ရပ်တန့်ရေးအတွက် စစ်ရေးနည်းလမ်းအသုံးပြု၍ ဆုံးဖြတ်ခြင်း မရှိသေးကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်က ယနေ့ ပြောကြားသည်။

**အင်တာနက်။**



အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည့် ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း ဂျိုးဖရေဇီယာ နုပျိုစဉ်က ဤသို့ တွေ့ရစဉ်။

# ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း ဂျိုးဖရေဇီယာ ကွယ်လွန်ရှာပြီ

**ဖီလာဒဲလ်ဖီးယား နိုဝင်ဘာ ၈**

ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း ဂျိုးဖရေဇီယာသည် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပြီဟု ၎င်း၏ မိသားစုက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။

### အံ့ဖွယ်ဂျိုး

အံ့ဖွယ်ဂျိုးဟုလည်း လူသိများသည့် ဂျိုးဖရေဇီယာသည် ကင်ဆာရောဂါခံစားခဲ့ရပြီးနောက် ဖီလာဒဲလ်ဖီးယားမြို့ရှိ ကင်ဆာရောဂါဝေဒနာသည်များ ပြုစုစောင့်ရှောက်ရေးဌာနတစ်ခုတွင် ရက်သတ္တပတ်များစွာကပင် ဆေးကုသမှုခံယူခဲ့သည်ဟု ဆိုသည်။

ကွယ်လွန်ချိန်၌ အသက်(၆၇)နှစ်ရှိပြီဖြစ်သည့် လက်ဝှေ့ကျော်ဂျိုးဖရေဇီယာသည် ကမ္ဘာ့အကျော်ကြားဆုံး ဟဲဗီးဝိတ်လက်ဝှေ့ကျော် မိုဟာမက်အလီအား ၁၉၇၁ ခုနှစ်တွင် ပထမဆုံးအနိုင်ရအောင် ထိုးနိုင်ခဲ့သူဖြစ်သည်။ သို့သော် မိုဟာမက်အလီနှင့် နောက်ထပ်နှစ်ကြိမ်ထိုးသတ်ရာတွင်မူ နှစ်ကြိမ်စလုံး ၎င်းရှုံးနိမ့်ခဲ့သည်။

ဂျိုးဖရေဇီယာသည် ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံသရဖူကို ၁၉၇၀ မှ ၁၉၇၃ အထိ သိမ်းပိုက်ထားခဲ့သူဖြစ်သည်။

**အင်တာနက်။**

# တရုတ်နိုင်ငံတွင် အသက်ရာကျော် ဦးရေ ၄၈၀၀၀ ကျော်ရှိဟုဆို

**ပေကျင်း နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အသက်ရာကျော်ဦးရေ ၄၈၀၀၀ ကျော်ရှိကြောင်း တရုတ်သက်ကြီး ရွယ်အိုများအသင်းမှ နိုဝင်ဘာ ၇ ရက်တွင် ထုတ်ပြန်သည့် စာရင်း၌ ဖော်ပြထားသည်။

ယခုနှစ် ဇူလိုင် ၁ ရက်တွင် ကောက်ယူခဲ့သော စာရင်းအရ တရုတ်ပြည်မကြီးတွင် အသက်တစ်ရာကျော်ရှိသည့် လူဦးရေ ၄၈၉၂၀ ဦးရှိပြီး ယင်းအရေအတွက်သည် ယမန်နှစ်ကိန်းဂဏန်းများထက်စာလျှင် ၅၂၂၈ ဦး တိုးပွားလာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လျိုမီကျန်းအမည်ရှိ အသက် ၁၂၆ နှစ်အရွယ် အဘွားအိုမှာ တရုတ်ပြည်မကြီးတွင် အသက်အရွယ်အကြီးရင့်ဆုံးသူဖြစ်သည်။ ကွမ်ကျိုးပြည်နယ်တွင် နှစ်ဦးပေါင်း အသက် ၂၁၃ နှစ်ရှိ သက်ကြီးရွယ်အို ဇနီးမောင်နှံကိုလည်း တွေ့ရှိရသည်ဟု ဆိုသည်။

**ဆင်ဟွာ။**



တရုတ်နိုင်ငံမှ အသက်ရာကျော် ဇနီးမောင်နှံအား တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာကုန်ထုတ် အစုအဖွဲ့များသို့ ရောင်းချမည့် ရိတ်သိမ်းခြွေလှေ့စက်များ တပ်ဆင်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီဝင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန(အောက်မြန်မာပြည်)၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ လယ်ယာကုန်ထုတ် အစုအဖွဲ့များနှင့် သမဝါယမအသင်းများသို့ ရောင်းချမည့် ရိတ်သိမ်းခြွေလှေ့စက်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



### သက်သာလာမည်

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လယ်ယာကုန်ထုတ်လုပ်ငန်းကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုခြင်းဖြင့် အလေအလွင့်နည်းပါးပြီး အချိန်၊ ကုန်ကျစရိတ်များ သက်သာလာမည်ဖြစ်ကြောင်း။

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်နိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာနအနေဖြင့် လယ်ယာကုန်ထုတ် အစုအဖွဲ့များ၊ သမဝါယမအသင်းများအား အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီနှင့် ပေါင်းစပ်ကာ တရုတ်နိုင်ငံမှ မှာယူတင်သွင်းထားသော ရိတ်သိမ်းခြွေလှေ့စက်များ မှာယူတင်သွင်း၍ တစ်စီးလျှင် ငွေကျပ်သိန်း ၉၀ ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ အစုအဖွဲ့၊ အသင်းများမှ အသင်းသားများ လူမှုစီးပွားဘဝ တိုးတက်စေရန်အတွက် တစ်ဝက်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးသွားရန်နှင့် တောင်သူများ စပါးရိတ်သိမ်းချိန်အမီ အမြန်ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များကို အမြန်ဆုံးတပ်ဆင်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝယ်ယူထားသော ရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးအတွက် စာရွက်စာတမ်းများကို သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသောင်းဝင်းက ဆန်စပါးအထွက်တိုးနည်းပညာများနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ အစည်းအဝေးခန်းမ၌ ကျင်းပသော သမဝါယမကောလိပ်များ အဆင့်မြှင့်တင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ ရေးဆွဲရေးဆွေးနွေးပွဲသို့ တက်ရောက်၍ ဆွေးနွေးမှာကြားရာတွင် သမဝါယမဝန်ကြီးဌာနအောက်ရှိ သမဝါယမဒီဂရီကောလိပ်တစ်ကျောင်း၊ သမဝါယမကောလိပ်သုံးကျောင်း၊ ယွန်းပညာကောလိပ်တစ်ကျောင်းတို့မှ ဘွဲ့ရရှိပြီးသူ ၃၄၁၅ ဦး၊ ဒီပလိုမာလက်မှတ်ရရှိသူ ၇၉၀၀ မွေးထုတ်ပေးခဲ့ကြောင်း၊ ယခုလက်ရှိပညာသင်နှစ်တွင် သမဝါယမကောလိပ်များ၌ ကျောင်းသား၊ ကျောင်းသူ ၂၈၁၄ ဦး ပညာဆည်းပူးလျက်ရှိကြောင်း။

### အဆင့်မြှင့်ရေး

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပညာရှင်ကြီးများ၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် သမဝါယမကောလိပ်များအား အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော ရည်မှန်းချက်၊ ပဋိညာဉ်၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ၊ ပေးအပ်သင့်သည့်ဘွဲ့များ နိုင်ငံတကာအဆင့်မီနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ ပညာရှင်ကြီးများ၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် နိုင်ငံတော်အကျိုးကို ဦးတည်ရည်မှန်းချက်ထားရှိပြီး လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါရန် တိုက်တွန်းလိုကြောင်း။

သင်ရိုးညွှန်းတမ်းများ ရေးဆွဲနိုင်ရေးအတွက် ပညာရှင်ကြီးများ၊ လုပ်ငန်းရှင်ကြီးများနှင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲဖြစ်ကြောင်း၊ "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း သမဝါယမကောလိပ်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် ပညာရှင်ကြီးများ၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် ရေရှည်အတွက် စဉ်းစားပြီး အချိန်ယူဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ အငြိမ်းစား ဒုတိယပါမောက္ခချုပ်၊ အငြိမ်းစားပါမောက္ခများနှင့် စီးပွားရေးနယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်ကြီးများက သမဝါယမကောလိပ်များ၏ သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ လည်းကောင်း၊ စီးပွားရေးနယ်ပယ် ကဏ္ဍစုံတွင် သက်ဆိုင်ရာဒေသအခြေအနေနှင့် လိုက်လျောညီထွေ ပါဝင်စီမံဆောင်ရွက်နိုင်မည့် Youth- Co-operator များ မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆွေးနွေးပြောကြား

**သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဆွေးနွေးပြောကြားစဉ်။**
(သတင်းစဉ်)

# တနင်္သာရီ၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်နှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း ပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

**ယနေ့ ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေး(ပထမနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦးတို့ တက်ရောက်ကြသည်။**



**ကချင်ပြည်နယ် လွှတ်တော်အစည်းအဝေး(ပထမနေ့)ကျင်းပစဉ်။**
(သတင်းစဉ်)

အစည်းအဝေး၌ မေးခွန်း(၁၃)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်း လျာထားချက်တို့ကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် အဆိုအသစ်(၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ကယားပြည်နယ်လွှတ်တော် အစည်းအဝေး (ပထမနေ့) ကို နံနက် ၁၀နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းကျော်စိုးက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို တင်သွင်းခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေး (ပထမနေ့) ကို နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁၀)ခု မေးမြန်းဖြေကြားခြင်းနှင့် ချင်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ လျာထားချက်နှင့် ၂၀၁၁-၂၀၁၂ခုနှစ် ဖြည့်စွက်ငွေစာရင်းများကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး (ဒုတိယနေ့) ကို နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်(၂၇)ဦးတို့တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၂၄)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ကရင်ပြည်နယ်လွှတ်တော် အစည်းအဝေး (ဒုတိယနေ့) ကို နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းနှင့် လွှတ်တော်ကိုယ်စားလှယ်(၂၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အရေးကြီးသော အဆိုတစ်ရပ်ဖြစ်သည့် "ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပဏာမသဘောတူညီခြင်း" အဆိုကို မှတ်တမ်းတင်အတည်ပြုခြင်း၊ မေးခွန်း(၈)ခုမေးမြန်းဖြေကြားခြင်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းလျာထားချက်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုချက်များအား မှတ်တမ်းတင်ခြင်းနှင့် ပြည်နယ်လွှတ်တော်၏ ဆွေးနွေးအကြံပြုချက်များကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးပို့ရန် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး (စတုတ္ထနေ့)ကို နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၂၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁၁)ခု မေးမြန်းဖြေကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ရန်ပုံငွေ ခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို အတည်ပြုခြင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး (စတုတ္ထနေ့) ကို နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၁၅)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို(၇)ခု တင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံကာ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လွှတ်တော်၌ မှတ်တမ်းတင် ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကရင်ပြည်နယ် လွှတ်တော်အစည်းအဝေး(ဒုတိယနေ့)ကျင်းပစဉ်။**
(သတင်းစဉ်)





# ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံကို လေးကြိမ်မြောက် ကြွချီအပူဇော်ခံခြင်းဖြစ်ပြီး အကြိမ်အများဆုံးကြွချီခြင်းဖြစ်

## မြန်မာနဲ့တရုတ် ညီရင်းအစ်ကို ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြရာရောက်သလို ရေစက်ရှိလို့ ဆုံကြရတယ်လို့လည်း ပြောလို့ရ

## မြန်မာလူမျိုးတွေရဲ့ သဒ္ဓါတရားထက်သန်မှု၊ ဘာသာတရားရိုသေကိုင်းညွတ်မှုအပေါ် အထင်ကြီးလေးစားမိ

**စတုတ္ထအကြိမ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ဒေသစာရီကြွချီအပူဇော်ခံတော်မူသည့် ဗုဒ္ဓမြတ်စွယ်တော်အား လိုက်ပါပို့ဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုဝန်ကြီး Mr.Wang Zuo An နှင့် လိုက်ပါပို့ဆောင်ရေးနှင့် စောင့်ကြပ်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဆရာတော် Chuan Yin တို့အား နိုဝင်ဘာ ၇ ရက်နေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Golden Guest Hotel အထူးသီးသန့်ခန်းမ၌ မိမိတို့သတင်းမီဒီယာအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ကြသည်။**

**ရှေးဦးစွာ မိမိတို့သတင်းအဖွဲ့အား တရုတ်သာသနာရေးဗျူရိုဝန်ကြီးက ပဋိသန္ဓာရနှုတ်ခွန်းဆက်စကားပြောကြားပြီး စွယ်တော်မြတ်၏ နောက်ခံသမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။**



**ဗုဒ္ဓမြတ်စွယ်တော်စောင့်ကြပ်ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ဆရာတော် Chuan Yin။**

**ဝန်ကြီး** ။ ။ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ကြွင်းကျန်ရစ်တော်မူတဲ့ ဓာတ်တော်တွေထဲမှာ စွယ်တော်မြတ်လေးဆူကျန်ခဲ့တယ်။ တစ်ဆူက နတ်ပြည်၊ တစ်ဆူက နဂါးပြည်နဲ့ နောက်ထပ်နှစ်ဆူက လူ့ပြည်မှာပါ။ အဲဒီနှစ်ဆူထဲမှာမှ တစ်ဆူက သီရိလင်္ကာမှာ သီတင်းသုံးပြီး နောက်တစ်ဆူကတော့ ကျွန်တော်တို့ တရုတ်နိုင်ငံ ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းမှာ တည်ထားကိုးကွယ်အပူဇော်ခံလျက်ရှိပါတယ်။ ယခုမြန်မာနိုင်ငံကို ပင့်ဆောင်လာတဲ့ ဒီစွယ်တော်မြတ်ကို ကျွန်တော်တို့က ဖားရှယ်စွယ်တော်မြတ်လို့ ခေါ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစွယ်တော်မြတ်ကို စတင်ပင့်ဆောင်



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုဝန်ကြီး Mr. Wang Zuo An အား မြန်မာသတင်းမီဒီယာအဖွဲ့ တွေ့ဆုံမေးမြန်းစဉ်။**

ပူဇော်ခဲ့တဲ့ ရဟန်းရဲ့ ဘွဲ့အမည်နာမက ဖားရှယ်ဆရာတော်လို့ အမည်ရလို့ပါ။ မူလပထမက စွယ်တော်မြတ်ဟာ အိန္ဒိယနိုင်ငံမှာ သီတင်းသုံးနေတော်မူရာကတစ်ဆင့် ပါကစ္စတန်နိုင်ငံကို ရောက်ရှိသွားပါတယ်။ အဲဒီနောက် တရုတ်ပြည် စင်ကျန်ဒေသကို ကြွချီလာတဲ့အခါမှာ ဖားရှယ်ဆရာတော်က ပေကျင်းအထိ ဆက်လက်ပင့်ဆောင်ပူဇော်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တရုတ်ပြည်မှာ ၁၉၀၀ ပြည့်နှစ်နဲ့ နောက်ပိုင်း အနောက်နိုင်ငံတပ်ပေါင်းစုနဲ့ စစ်မက်ဖြစ်ပွားခဲ့ပြီးတော့ ဘုရားကျောင်းအပြိုအပျက်တစ်ခုအတွင်းကနေ ဗုဒ္ဓမြတ်စွယ်တော်ကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဲဒါနဲ့ ၁၉၅၇ ခုနှစ်မှာ တရုတ်အစိုးရက စွယ်တော်မြတ်ကို ပြန်လည်တွေ့ရှိတဲ့ ဘုရားကျောင်းပျက်အနီးမှာပဲ လင်ကွမ်းဘုရားကျောင်းတည်ဆောက်ပြီး ဗုဒ္ဓမြတ်စွယ်တော် ပြောင်းရွှေ့သီတင်းသုံးဖို့ စီစဉ်ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှာတော့ လင်ကွမ်းဘုရားကျောင်းကြီး အပြီးသတ်တည်ဆောက်နိုင်ခဲ့ပါတယ်။ အခုဆိုရင် ဖားရှယ်ဆရာတော် ပင့်ဆောင်တော်မူခဲ့တဲ့ ဗုဒ္ဓမြတ်စွယ်တော်ဟာ တရုတ်ပြည်မှာသာမက ဗုဒ္ဓဘာသာကို သက်ဝင်ကိုးကွယ်တဲ့ ကမ္ဘာ့နိုင်ငံများအတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးဖြစ်လာပါပြီ။

**မေး** ။ ။ဗုဒ္ဓမြတ်စွယ်တော်ဟာ မြန်မာနိုင်ငံကို အကြိမ်ကြိမ် ဒေသစာရီ ကြွချီတော်မူသလိုမျိုး အခြားနိုင်ငံတွေကိုကော ကြွချီဖူးပါသလားခင်ဗျာ။

**ဝန်ကြီး** ။ ။ ဗုဒ္ဓမြတ်စွယ်တော်ဟာ လင်ကွမ်းဘုရားကျောင်းမှာ ကိန်းဝပ်စံပယ်သီတင်းသုံးရာကနေ ပြင်ပကို ဒေသစာရီကြွချီအပူဇော်ခံခဲ့တာ ခုနစ်ကြိမ်ရှိပါပြီ။ ထိုင်းနိုင်ငံကို တစ်ကြိမ်၊ သီရိလင်္ကာနိုင်ငံကို တစ်ကြိမ်နဲ့ တရုတ်ပြည် (ဟောင်ကောင်) ကို တစ်ကြိမ်၊ မြန်မာနိုင်ငံကို လေးကြိမ်ပါ။ ၁၉၅၅၊ ၁၉၉၄၊ ၁၉၉၆နဲ့ ယခု ၂၀၁၁ ခုနှစ်မှာ လေးကြိမ်မြောက် ကြွချီအပူဇော်ခံခြင်းဖြစ်ပြီး မြန်မာနိုင်ငံကို အကြိမ်အများဆုံး ကြွချီတော်မူခြင်းလည်း ဖြစ်ပါတယ်။ ဒါဟာလည်း မြန်မာနဲ့ တရုတ်နှစ်နိုင်ငံအကြား ညီရင်းအစ်ကိုလိုချစ်ကြည်ရင်းနှီးမှုကို ဖော်ပြရာရောက်သလို ရေစက်ရှိလို့ ဒီလိုဆုံကြရတယ်လို့လည်း ပြောလို့ရပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ အထွတ်အမြတ်ထားရာ ရတနာတစ်ပါးဖြစ်တဲ့အတွက် အခြားနိုင်ငံများမှာဆိုရင် ခွင့်မပြုနိုင်ပါဘူး။ မူလကိန်းဝပ်စံပယ်ရာ နေရာမှာသာ သီတင်းသုံးနေခြင်းက ပိုမိုသင့်လျော်ပါတယ်။ လတ်တလောမှာတော့ အခြားနိုင်ငံများကို ကြွရောက်အပူဇော်ခံဖို့ အစီအစဉ်မရှိသေးပါဘူး။

**မေး** ။ ။ဗုဒ္ဓမြတ်စွယ်တော်ဟာ တရုတ်ပြည်ရဲ့ ရတနာတစ်ပါးဖြစ်တဲ့အတွက် ဖူးမြော်ပူဇော်ခွင့်ရတဲ့သူတွေမှာ ဘယ်လိုအကျိုးထူးတွေခံစားရရှိနိုင်မယ်ဆိုတာလေး ပြောပြပေးစေချင်ပါတယ်ခင်ဗျာ။

**ဝန်ကြီး** ။ ။ဗုဒ္ဓဘာသာဝင်များအနေနဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို ယခုလို မျက်ဝါးထင်ထင်ဖူးမြော်ကြည်ညိုရခြင်းအားဖြင့် စိတ်နှလုံးချမ်းမြေ့သာယာမှု၊ ဘာသာတရားအပေါ် ပိုမိုသက်ဝင်ကိုးစားယုံကြည်မှုကို အပြည့်အဝခံစားရလိမ့်မယ်လို့ ထင်ပါတယ်။ ပြီးတော့ စွယ်တော်မြတ်ကို သွားရောက် ဖူးမြော်ပူဇော်သူအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့သာယာပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**မေး** ။ ။ယခုဒေသစာရီကြွချီတော်မူလာတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရားကြွလာသလို အုန်းအုန်းကျွက်ကျွက် ဖူးမြော်ပူဇော်ကြည်ညိုညွတ်တွားကြတဲ့ မြန်မာနိုင်ငံသားတွေရဲ့ သဒ္ဓါတရားနဲ့ ဘာသာတရားအပေါ် သက်ဝင်ယုံကြည်မှုရှိမှုနဲ့ ပတ်သက်ပြီး ဝန်ကြီးရဲ့ အမြင်နဲ့ ခံစားမှုလေးပြောပြပေးစေလိုပါတယ် ခင်ဗျာ။

**ဝန်ကြီး** ။ ။ဗုဒ္ဓဘာသာအပေါ် သက်ဝင်ကိုးကွယ်ယုံကြည်မှုမှာ မြန်မာနိုင်ငံဟာ အင်အားကြီးတဲ့ နိုင်ငံတစ်ခုပါ။ လေးကြိမ်တိုင်တိုင်ကြွရောက်အပူဇော်ခံရာမှာ လူဦးရေသန်းနဲ့ချီပြီး လာရောက်ဖူးမြော် ကြည်ညိုတာတွေ့ရလို့ ပီတိသောမနဿဖြစ်ရသလို နေပြည်တော်လေဆိပ်ကနေ ယာယီကိန်းဝပ်စံပယ်တော်မူရာ ဥပ္ပါတသန္တိစေတီတော်အထိ ပင့်ဆောင်စဉ်မှာလည်း လမ်းတစ်လျှောက် ဖူးမြော်ကြည်ညိုသူ ပရိသတ်အများအပြား တွေ့ရှိရတဲ့အတွက် မြန်မာလူမျိုးတွေရဲ့ သဒ္ဓါတရားထက်သန်မှု၊ ဘာသာတရား ရိုသေကိုင်းညွတ်မှုတွေအပေါ်မှာ အထင်ကြီးလေးစားမိပါတယ်။ ယခုလို ကြွရောက် အဖူးမြော်ခံခြင်းဟာ မြန်မာအစိုးရရဲ့ မေတ္တာရပ်ခံချက်ကြောင့်ဖြစ်သလို တရုတ်အစိုးရအနေနဲ့လည်း မြန်မာပြည်သူပြည်သားများနဲ့ မြန်မာအစိုးရရဲ့မေတ္တာရပ်ခံချက်ကို အထူးအလေးထားကြောင်း ဖော်ပြလိုခြင်းဖြစ်ပါတယ်။ ပြီးတော့ တရုတ်ပြည်သူများအနေနဲ့လည်း အထူးလေးနက်စွာ ဝမ်းမြောက်ကြောင်း သိစေလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်ဟာ မြန်မာနိုင်ငံနဲ့ ရေစက်ရှိတယ်လို့ ထင်ပါတယ်။ တတိယအကြိမ် ၁၉၉၆ ခုနှစ်က ဗုဒ္ဓမြတ်စွယ်တော် လာရောက်ဖူးမြော်ခံခဲ့စဉ်တုန်းက ကျွန်တော်လိုက်ပါခဲ့သလို ယခုစတုတ္ထအကြိမ်မှာလည်း ပို့ဆောင်ရေးတာဝန်ကို စတင်ထမ်းဆောင်ရလို့ နောက်တစ်ခေါက် ထပ်ရောက်လာခဲ့တာပါ။ လေဆိပ်မှာ ဆီးကြိုဂါရဝပြုပူဇော်ကြတဲ့ ပရိသတ်များပြားတဲ့အတွက် အထူးအားရ ကျေနပ်မိပါတယ်။ မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်းနဲ့ မြန်မာပြည်ကြီး ယခုထက် ပိုမိုဖွံ့ဖြိုးသာယာအေးချမ်း တိုးတက်ခေတ်မီလာစေဖို့ မျှော်လင့်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ဟု ဖြေကြားသွားသည်။

ဆက်လက်၍ မိမိတို့ သတင်းမီဒီယာအဖွဲ့သည် ဗုဒ္ဓမြတ်စွယ်တော်လိုက်ပါပို့ဆောင်ရေးနှင့် စောင့်ကြပ်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဆရာတော်ချိုင်ယွင် (Chuan Yin)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး** ။ ။ယခုပင့်ဆောင်လာတဲ့ ဗုဒ္ဓမြတ်စွယ်တော်ကို တရုတ်ပြည်မှာ ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ထားပါသလဲ။ အများပြည်သူဖူးမြော်ကြည်ညိုဖို့အတွက် သတ်မှတ်ကာလနဲ့ ခွင့်ပြုထားတာမျိုးတွေရှိပါသလား အရှင်ဘုရား။

**ဆရာတော်**။ ။စွယ်တော်မြတ်အတွက် သီးသန့်စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ထားပါတယ်။ တစ်နှစ်တာပတ်လုံး ဖွင့်လှစ်ပူဇော်ခွင့်ပေးထားပြီး လုံခြုံရေးအတွက် အနည်းငယ်မှ ပူပင်စရာမရှိတဲ့အတွက်ကြောင့် ပြည်သူအများစိတ်လက်အေးချမ်းစွာ ဖူးမြော်နိုင်ပါတယ်။ မြန်မာနိုင်ငံကနေ လာရောက်ဖူးမြော်ကြတဲ့ ဥပါသကာ၊ ဥပါသိကာမတွေအတွက်လည်း အစစအရာရာ အဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်စေရေးအတွက်လည်း စီမံဆောင်ရွက်ပေးပါတယ်။

**မေး** ။ ။ယခုဗုဒ္ဓမြတ်စွယ်တော်ဟာ တရုတ်ပြည်မှာ ပူဇော်ဖူးမြော်ခံခဲ့တာ နှစ်ကာလအားဖြင့် မည်မျှရှိပါပြီလဲဆိုတာ သိပါရစေ အရှင်ဘုရား။

**ဆရာတော်**။ ။အိန္ဒိယကနေ ပါကစ္စတန်. . .၊ အဲဒီကမှတစ်ဆင့် စင်ကျန်. . .၊ ပြီးတော့ ပေကျင်းဆိုတော့ စုစုပေါင်း နှစ် ၁၀၀၀ နီးပါးတော့ကြာပါပြီ။

**မေး** ။ ။တပည့်တော်တို့ မြန်မာလူမျိုးများရဲ့ ဘာသာတရား ကိုင်းရှိုင်းရိုသေညွတ်တွားမှုအပေါ် ဆရာတော်ရဲ့အမြင်နဲ့ စိတ်ခံစားချက်လေး သိပါရစေ အရှင်ဘုရား။

**ဆရာတော်**။ ။ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်ကိုးကွယ်မှုမှာ သမိုင်းအစဉ်အလာကြီးမားတဲ့ တိုင်းပြည်တစ်ခုဖြစ်သည့် အားလျော်စွာ ယခုလိုဒေသစာရီ ကြွချီလာရခြင်းနဲ့ ပတ်သက်ပြီး ဆရာတော်အနေနဲ့ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ဒီမြတ်စွယ်တော်ဟာ အင်မတန်မွန်မြတ်တဲ့ အဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးပါ။ ဗုဒ္ဓဘုရားရဲ့ အဆုံးအမအောက်မှာ ကမ္ဘာကြီးတစ်ခုလုံး အေးချမ်းသာယာစွာ၊ ငြိမ်းချမ်းစွာ တည်ရှိစေဖို့ မျှော်လင့်မိပါတယ်။ မြန်မာလူမျိုးများရဲ့ သဒ္ဓါတရားနဲ့ ဗုဒ္ဓအပေါ် ရိုသေမြတ်နိုးတန်ဖိုးထားမှုတွေက အလွန်ပဲအံ့သြချီးကျူးစရာပါ။ လေဆိပ်ကအလာ လမ်းတစ်လျှောက်မှာ ပူပြင်းတဲ့နေကို အမှုမထားဘဲ လမ်းဘေးဝဲ၊ ယာတစ်လျှောက် ပုဆစ်တုပ်လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြတဲ့ ပရိသတ်တွေ၊ ယာယီကိန်းဝပ်စံပယ်တော်မူရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို အချိန်နှင့်အမျှ များပြားလှတဲ့ ပရိသတ်တွေ လာရောက်ဖူးမြော်ကြည်ညိုတာကို တွေ့ရတော့ စိတ်ထဲမှာ ချမ်းမြေ့ကြည်နူးရပါတယ်။ လေကောင်းလေသန့်ရပြီး ကောင်းမွန်တဲ့ ရာသီဥတုရှိတဲ့ အပြင် လမ်းတစ်လျှောက် တွေ့တွေ့သမျှ လူတိုင်းလိုလို ရွှင်ပြုံးချမ်းမြေ့နေတဲ့ မျက်နှာတွေက မြန်မာ့စိတ်ရင်းသဘာဝ စစ်စစ်ပဲလို့ ခံစားမိတယ်။ ဒီအတွက် ဆရာတော့်စိတ်ထဲမှာ အတော်ကြီးကို ကြည်နူးဝမ်းမြောက်မိပါတယ်။

**မေး** ။ ။ယခုလို မြတ်စွယ်တော်ကို မြန်မာနိုင်ငံသို့ ပင့်ဆောင်လာရာမှာ မည်ကဲ့သို့ ပင့်ဆောင်တော်မူခဲ့ပါသလဲ အရှင်ဘုရား။

**ဆရာတော်**။ ။ဒီလိုပင့်ဆောင်အပူဇော်ခံဖို့ရာအတွက် အနည်းဆုံး လေးလကနေ ခြောက်လအထိတော့ ကြိုတင်စီမံဆောင်ရွက်ရစမြဲပါ။ အရင်ကလည်း အတွေ့အကြုံတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ နှစ်လအတွင်း အပြီးလုပ်ဆောင်လာရခြင်းဖြစ်တယ်။ ဒါဟာလည်း မြန်မာနဲ့ တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်နှီးမှုကို ပိုမိုတိုးမြှင့်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ အတူ ဗုဒ္ဓဘာသာ သာသနာမှာ သဒ္ဓါအင်အားကြီးမားလွန်းတဲ့ မြန်မာပြည်သူပြည်သားတွေရဲ့ စိတ်ဆန္ဒထက်သန်မှုကို ဖြည့်ဆည်းပေးချင်တာလည်း ပါပါတယ်ဟု ပြန်လည်ဖြေကြားပေးသွားသည်။

တွေ့ဆုံမေးမြန်းပွဲအပြီးတွင် မိမိတို့သတင်းမီဒီယာအဖွဲ့သည် ဆရာတော်အား ရိုသေညွတ်နူးစွာကန်တော့နှုတ်ဆက်ကြသည်။ အားလုံး ကိုယ်စီ၏ ရင်ထဲတွင် ဥပ္ပါတသန္တိစေတီတော်၌ ဒေသစာရီကြွရောက်ဖူးမြော်အပူဇော်ခံလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား မှန်းမျှော်ညွတ်တွား ကော်ရော်ရှိခိုးပူဇော်ဦးခိုက်လျက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ဟု ရွတ်ဆိုမိပါကြောင်း။

အောင်နိုင်(သတင်းစဉ်)

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၈**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်နှင့် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီ စင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** မုဒုံမြို့တွင် ၂ ဒသမ ၇၂ လက်မဖြစ်သည်။

**ထူးခြားသည့်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံ၊ ဒါနန်းမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အစဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီးနောက် အရှေ့မြောက်ဘက်သို့ ကွေ့ကာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

# နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား အိန္ဒိယသမ္မတနိုင်ငံမှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)





**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း မင်းလှမြို့နယ် ကံသာယာ ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာမွန်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် သာယာဝတီခရိုင် မင်းလှမြို့နယ် ကံသာတောင်စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းသား၊ ကျောင်းသူများအား အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်သူများ၊ နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်မည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးရေး၊ စေတနာရှင်များ ဆောက်လုပ်လှူဒါန်းထားသော ကျောင်းဆောင်များ ရေရှည်ခိုင်မြဲစေရန် ထိန်းသိမ်းရေးတို့ကို မှာကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းလှမြို့နယ် ကံသာယာကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာမွန်စာကြည့်တိုက် အဆောက်အအုံကိုလည်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း နှစ်ပတ်လည်အစည်းအဝေး(၂၀၁၁) ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၁၁)ကို နေပြည်တော် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၌ ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည် ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးနှင့် တွဲဖက်၍ မွေးမြူရေးနှင့် ဆေးကုသရေးဆိုင်ရာ စာတမ်းများ ဖတ်ကြားခြင်း၊ မွေးမြူရေးဆိုင်ရာ အစာ၊ ဆေးဝါးနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာ အရောင်းပြခန်းများ ဖွင့်လှစ်ပြသခြင်း၊ သက်ကြီးပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲ အခမ်းအနားများ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်တို့မှ ချီးမြှင့်သည့် "ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ်ဂုဏ်ပြုဆု(၂၀၁၁)"ကို မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းက ရရှိထားသဖြင့် ယခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ပိုမိုခမ်းနားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

နှစ်ပတ်လည်အစည်းအဝေး အထိမ်းအမှတ်အဖြစ် ထုတ်ဝေမည့် "မြန်မာ့မွေးမြူရေး" နှင့် "Myanmar Livestock" စာစောင်တို့အတွက် စာမူများကို အုပ်ချုပ်ရေးမှူး မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ ဘုရင့်နောင်လမ်း အင်းစိန်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ နိုဝင်ဘာ ၃၀ ရက်မတိုင်မီ ပေးပို့နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# သင်တန်းများဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးမှ အင်ဂျင်နီယာမှူးကြီး ဦးသိန်းဆိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကြီးကြပ်မှုအဆင့်(၁) (မွမ်းမံ) သင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ (၃) မြို့ပြ (မွမ်းမံ) သင်တန်းနှင့် ပစ္စည်းထိန်း(၄)သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စက်တင်ဘာ ၂၇ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်း၍ ဝက်ကူးစက်ရောဂါ၊ ဝက်နားရွက်ပြာရောဂါဆိုင်ရာ ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဒေါက်တာခင်မောင် ဟောပြောစဉ်။** (ကြေးမုံ)





# ငွေရေးကြေးရေးကဏ္ဍ၏ အရေးပါမှုအခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပသော မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုရာတွင် ငွေရေးကြေးရေးကဏ္ဍ၏ အရေးပါမှု အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ် အပိုင်း(၃)ကို သဘာပတိအဖြစ် ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းလွင်က ဆောင်ရွက်ပြီး Development of a Capital Market စာတမ်းကို ပြည်တွင်းစာတမ်းရှင် မြန်မာငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဒေါ်တင်မေဦးနှင့် ပြည်ပစာတမ်းရှင် Siam Commercial Bank မှ Former Chief Economist and Executive VP, Dr. Sethaput Suthiwart-Narueput တို့က ဖတ်ကြားပြီး ပြည်တွင်းမှ ပါဝင်ဆွေးနွေးသူများအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် စာရင်းဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်၊ မြန်မာငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဦးစိုးသိန်း၊ ပြည်ပမှ ပါဝင်ဆွေးနွေးသူအဖြစ် JICA, Southeast and Pacific Department မှ Deputy Director General, Mr. Yoshio WADA တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အပိုင်း(၄) အစီအစဉ်တွင် သဘာပတိအဖြစ် ရိုးမဘဏ်မှ အကြံပေးပုဂ္ဂိုလ် ဦးကြည်အေးက ဆောင်ရွက်ပြီး Strengthening of the Central Bank Regulation and Supervisions စာတမ်းကို ပြည်တွင်းစာတမ်းရှင် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ဥမ္မာစိန်နှင့် ပြည်ပစာတမ်းရှင် Senior Financial Policy Advisor, James A. Hanson တို့က ဖတ်ကြားပြီး ပြည်တွင်းဆွေးနွေးသူများအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးသိန်းဇော်၊ မြန်မာ့ရှေ့ဆောင်ဘဏ်မှ အကြံပေးပုဂ္ဂိုလ် ဦးစိုးတင်နှင့် ပြည်ပဆွေးနွေးမှုများအဖြစ် Mr. Lex Rieffel နှင့် Dr. Hans Dieter Seibel တို့က ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲအပိုင်း(၅) အစီအစဉ်တွင် Recommendation for Action Plans for Development of the Financial Sector of Myanmar တွင် ယခုအလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးအကြံပြုချက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ် Action Plan များကို ကျွမ်းကျင်သူပညာရှင်များနှင့် ဆွေးနွေးသူများအကြား အမြင်ချင်းဖလှယ်ကာ အကြံပြုဝိုင်းဝန်း ဆွေးနွေးကြသည်။

ဆွေးနွေးပွဲပိတ်ပွဲ အခမ်းအနားတွင် ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. David Ramon LIPMAN နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း **(အပေါ်ပုံ)**တို့က အမှာစကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ပြီးစီးသည်။ (သတင်းစဉ်)


## မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

**မီးသတ်ဦးစီးဌာန**



**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဆွေးနွေးတင်ပြစဉ်။**
(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတကြီး၏ ၂၅-၁၀-၂၀၁၁ ရက်နှင့် ၂၆-၁၀-၂၀၁၁ ရက် ခရီးစဉ်တွင်လည်း ဝန်ကြီးဌာနများ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကုလသမဂ္ဂမှ WFP နှင့် UNICEF အဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလှူရှင်များမှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းခဲ့ရာတွင် ပခုက္ကူမြို့နယ်အတွက် ကျပ် ၃၅၆ ဒသမ ၁၉၉ သန်း၊ မြိုင်မြို့နယ်အတွက် ကျပ် ၄၁ ဒသမ ၄၂၉ သန်း၊ ပေါက်မြို့နယ်အတွက် ကျပ် ၇၇ ဒသမ ၅၃ သန်း၊ ဆိပ်ဖြူမြို့နယ်အတွက် ကျပ် ၁၄၅ ဒသမ ၁၁၇ သန်း စုစုပေါင်းငွေနှင့် အလှူပစ္စည်းတန်ဖိုး ကျပ် ၆၂၀ ဒသမ ၄၇၅ သန်း လှူဒါန်းခဲ့ကြောင်း။

**လှူဒါန်းခဲ့**

ထို့အပြင် ပခုက္ကူမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်များရှိ ရေမျောပျက်စီးခဲ့သော အိမ်များ ပြန်လည်ဆောက်လုပ်ရန်အတွက် ထူးကုမ္ပဏီ၊ အိုင်ဘီတီစီကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ အိုင်ဂျီအီးကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီနှင့် စီဘီဘဏ်တို့ကလည်း ငွေကျပ်သန်း ၂၀၀ ကျော်စီ၊ ကမ္ဘောဇကုမ္ပဏီ၊ Ever Winner ကုမ္ပဏီတို့မှ ငွေကျပ်သန်း ၁၀၀ စီဖြင့် စုစုပေါင်းငွေကျပ် သန်း ၁၅၅၀ လှူဒါန်းခဲ့ကြောင်း။

လတ်တလောတွင် ရေဘေးသင့်ပြည်သူများအတွက် စားရေး၊ ဝတ်ရေးကိစ္စများအား ဖြေရှင်းပေးထားပြီး နေထိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ကာယကံရှင်မိသားစုများကလည်း ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် အန္တရာယ်နီးသော မြစ်ချောင်းကမ်းပါးများအနီးတွင် နေထိုင်ကြသဖြင့် ဘေးအန္တရာယ်ကို မလွဲမသွေ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က လုံခြုံစိတ်ချရသောနေရာများတွင် နေရာချထားပေးရန် လိုအပ်ကြောင်း၊ ပျက်စီးသွားသော စာသင်ကျောင်းများ အမြန်ပြုပြင်ဖွင့်လှစ်ရေးနှင့် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာအုပ်၊ ခဲတံမှအစ ကျောင်းသုံးစာရေးကိရိယာများ ကူညီဆောင်ရွက်ပေးသွားပြီးဖြစ်သကဲ့သို့ ယာယီစာသင်ကျောင်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ရောဂါဘယမဖြစ်ပွားရေးတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပျက်စီးသွားသော ဘာသာရေးအဆောက်အအုံများ၊ လမ်း၊ တံတားများ အမြန်ပြုပြင်တည်ဆောက်သွားရန်ကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့အနေဖြင့် ပခုက္ကူခရိုင် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှုများ၊ ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပေးရန်နှင့် လိုအပ်ချက်များ၊ အခက်အခဲများအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးသွားကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ရေဘေးသင့်ဒေသများအတွင်း ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရေဘေးသင့်ဒေသများအတွင်း ဝန်ကြီးဌာနများအလိုက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ သက်ဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့် ကျေးရွာများအတွက် ယာယီတဲများဆောက်လုပ်ပြီးစီးမှု၊ INGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးနေမှုများ၊ ကျွဲနွားများ ပြန်လည်ဖြည့်တင်းရာတွင် မွေးမြူရေးဘဏ်စနစ်ဖြင့် စီမံဆောင်ရွက်ပေးမှု၊ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တပ်မတော်သားများက ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ပေးပို့ဆောင်ရွက်မှု၊ WFP အပါအဝင် INGO အဖွဲ့များနှင့်ပူးပေါင်း၍ လှူဒါန်းထောက်ပံ့ဆောင်ရွက်ပေးနေမှု၊ ရာသီသီးနှံမျိုးများ၊ အစားထိုးသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ၊ ဓာတ်မြေဩဇာများ ပံ့ပိုးပေးမှု၊ မြစ်ရေတင်လုပ်ငန်းများနှင့် ဆည်တမံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဆိပ်ဖြူမြို့နယ် တောင်ရွာမရွာနှင့် မြောက်ရွာမရွာတို့အား စံပြရွာအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးနေမှု၊ ရေဘေးသင့်ကျေးရွာများရှိ စာသင်ကျောင်းများ တည်ဆောက်ပြုပြင်မှု၊ ရေရရှိရေးလုပ်ငန်းများ၊ ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေးအစီအစဉ်များ ဆောင်ရွက်နေမှု၊ ရထားလမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ လမ်း၊ တံတားများ ပြန်လည်ဆောင်ရွက်နေမှုများအပါအဝင် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**သင်ခန်းစာယူ**

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မျက်မှောက်ကာလတွင် သဘာဝဘေးအန္တရာယ်များသည် မကြာခဏဖြစ်ပေါ်နေ၍ ဒေသခံပြည်သူများအနေဖြင့် သဘာဝဘေး ကြိုတင်သတိပေးချက်များကို အလေးထားသတိမူကြရန်လိုကြောင်း၊ ယခုဖြစ်ပျက်မှုများအပေါ် သင်ခန်းစာယူပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့်လုပ်ရပ်များကို ရှောင်ကြဉ်ကြရန်မှာကြားလိုကြောင်း၊ ပခုက္ကူခရိုင် ရေဘေးသင့်ဒေသများအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးဌာနများ၏ တင်ပြချက်များမှာ အားရဖွယ်ဖြစ်ကြောင်း၊ သို့ရာတွင် မူလအခြေခံ အဆောက်အအုံ(Infrastructures)များ ပြန်လည်ဆောင်ရွက်ပေးခြင်းနှင့် ပုံမှန်အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများအတွက် ဆောင်ရွက်ပြီးစီးမှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်သည်ဟု ခံယူကြရန် လိုအပ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို အဓိက ဦးဆောင်သည့် ဝန်ကြီးဌာနအဖြစ်ထား၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ဆောင်ရွက်ကြပြီး ဒေသခံပြည်သူများကလည်း အင်တိုက်အားတိုက် ဆောင်ရွက်မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးစီးနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပခုက္ကူခရိုင် ရေဘေးသင့်ဒေသများအတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ဦးဆောင်မှုဖြင့် ပြည်တွင်း၊ ပြည်ပလူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်များက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်နှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာအုပ်များ၊ လူသုံးကုန်ပစ္စည်းများ၊ စောင်၊ ခြင်ထောင်နှင့် ဆေးဝါးများ၊ မီးစက်၊ ရေသန့်စက်များနှင့် မိုးကာရွက်ဖျင်တဲများ၊ ယာယီကျောင်းများ၊ တန်ဖိုးနည်းအိမ်ရာများ၊ စက်ရေတွင်းများ၊ သီးနှံမျိုးများ၊ နိုင်ငံတော်နှင့် စေတနာရှင် အလှူရှင်များ၏ ထောက်ပံ့ငွေများကို ရေဘေးသင့်ပြည်သူများထံ လက်ရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြန်လည်ပြုပြင်နေ**

ရေဘေးကြောင့် ပျက်စီးခဲ့သော ရထားလမ်း၊ ကားလမ်းများနှင့် တံတားများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အချိန်မီ ဆက်သွယ်သွားလာနိုင်ရေးအတွက် ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၁၄ ရက်တွင် ရွှေချောင်းတံတားကို ယာယီဖြတ်သန်းနိုင်ရေး ဆောင်ရွက်မှုပြီးစီးမည်ဖြစ်၍ ယာဉ်များဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးသီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး၊ စံပြကျေးရွာများနှင့် တန်ဖိုးနည်းအိမ်ရာများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ ပြန်လည်ထူထောင်ပေးမှုများ အပါအဝင် ရေဘေးသင့်ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်လာစေရန် ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဘုန်းဆွေ ဆွေးနွေးတင်ပြစဉ်။**
(သတင်းစဉ်)

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

# ပဉ္စမအကြိမ် အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(အမျိုးသားအဆင့်) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

**ပဉ္စမအကြိမ် အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အမျိုးသားအဆင့်)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။**

အဆိုပါပြိုင်ပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၏ မိဘများနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးသည်။

**ယှဉ်ပြိုင်ဖြေဆို**

ပဉ္စမအကြိမ် အာဆီယံ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အမျိုးသားအဆင့်)သို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများကို အဆင့်ဆင့်ဝင်ရောက်ဖြေဆိုပြီး နောက်ဆုံးရွေးချယ်ခြင်းခံရသူ ၁၀ ဦးတို့ကို တိုက်ရိုက်မေးခွန်းများ၊ အမှားအမှန်ရွေးချယ်ခြင်းနှင့် ဗီဒီယိုရုပ်မြင်သံကြား ရိုက်ကူးထားရှိမှုများကို ကြည့်ရှုဖြေဆိုခြင်း စသည်တို့ဖြင့် အဆင့်လေးဆင့် ခွဲခြားကာ ယှဉ်ပြိုင်ဖြေဆိုစေသည်။

ပြိုင်ပွဲတွင် တင်ဆက်သူများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်လိန်းမောင်ပန်နှင့် ဒေါ်မြတ်ကြေးမုံ Myanmar International Channel မှ Presenter Ms. Maria Margarita Torres Abril တို့က ဆောင်ရွက်ကြပြီး ပြိုင်ပွဲဝင်များ၏ ဖြေဆိုမှုများကို ဒေါ်နန္ဒာမွန် (ညွှန်ကြားရေးမှူးချုပ်၊ သမိုင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန)၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံအာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အကောင်အထည်ဖော်ရေးအဖွဲ့) ဦးဆောင်သော

**ပဉ္စမအကြိမ် အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အမျိုးသားအဆင့်)ကို နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပစဉ်။**
(သတင်းစဉ်)




အမှတ်ပေးဒိုင်အဖွဲ့က စနစ်တကျ ကြပ်မတ်စစ်ဆေး အမှတ်ပေးကြကာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများအား ရွေးချယ်ပေးကြသည်။

ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မရှုမဝအောင်၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အထက(၁)မှ မောင်မင်းထက်ထူးအောင်၊ တတိယဆုကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ မောင်စိုင်းဝန်းရဲန်နှင့် နှစ်သိမ့်ဆု နှစ်ဆုကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မကြည်လဲ့ယဉ်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇင်ဝေထွန်းတို့က ရရှိသွားကြသည်။

ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသော ပြိုင်ပွဲဝင်သုံးဦးသည် ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ကျင်းပမည့် ပဉ္စမအကြိမ် အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) 5 th ASEAN Quiz Competition (Regional Level) သို့ သွားရောက်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ ကိုယ်စားပြု ယှဉ်ပြိုင်မည့် အဆိုပါ ကျောင်းသား၊ ကျောင်းသူ သုံးဦးကို ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနနှင့် အင်္ဂလိပ်စာဌာနတို့မှ ဆရာ၊ ဆရာမကြီးများက တာဝန်ယူ၍ ကြိုတင်သင်ကြားလေ့ကျင့်ပြီးမှ ဒေသတွင်းအဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်စေမည်ဖြစ်သည်။

အဆိုပါ အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်)သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများအကြား အာဆီယံအသိအမြင်ကြွယ်ဝရေး၊ အထူးသဖြင့် အာဆီယံဒေသတွင်းရှိ အနာဂတ်မျိုးဆက်သစ်လူငယ်များအကြား အာဆီယံအသိအမြင်ကြွယ်ဝရေး၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေး၊ အာဆီယံအသင်းကြီး၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများသာမက ပြည်သူများကပါ ပါဝင်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရည်ရွယ်ကာ ၂၀၀၁ ခုနှစ်မှစတင်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပခဲ့သည့် အာဆီယံ ပြန်ကြားရေးစီမံကိန်းတစ်ခုဖြစ်သည်။ အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အမျိုးသားအဆင့်နှင့် ဒေသတွင်းအဆင့်များသို့ နိုင်ငံ့ဂုဏ်ဆောင်ကာ ပါဝင်ယှဉ်ပြိုင်လိုသော အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အာဆီယံအဖွဲ့ကြီးနှင့် ပတ်သက်သည့် အကြောင်းအရာများကို သတင်းစာ၊ စာနယ်ဇင်းများနှင့် အင်တာနက်များတွင် ကြိုတင်ရှာဖွေလေ့လာထားသင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**❋ ကျောဖုံးမှ**

ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူ ပြည်သူများ စိတ်ကြည်နူးစွာ အားပါးတရ အနီးကပ်ကြည်ညိုဖူးမြော်နိုင်ရေး အတွက် စေတီတော်လိုဏ်အတွင်း လျှောက်လမ်းသုံးလမ်းဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားပြီး ဘာဝနာပွားများ အားထုတ်လိုသူများအတွက်လည်း နေရာထိုင်ခင်း ခင်းကျင်းဆောင်ရွက်ပေးထားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာ ရွှေစောင်းတော်အဖွဲ့နှင့် တွဲဖက်၍ ဓမ္မပူဇာတေးများဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနဝတ်အသင်းများ၊ နေပြည်တော် တပ်နယ်အတွင်းရှိ ဝတ်အသင်းများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဝတ်ရွတ်စဉ်များ၊ ဂုဏ်တော်များဖြင့် လည်းကောင်း ဗုဒ္ဓမြတ်စွယ်တော်အား ပူဇော်ကြသည်။

ထို့အပြင် မြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ သဒ္ဓါကြည်ဖြူ ပေးလှူနိုင်ရေးအတွက် စေတီတော် တောင်ဘက်မုခ်နှင့် စေတီတော်ရင်ပြင် အရှေ့ဘက်မုခ်တို့၌ အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ ငွေကျပ် တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၂၄ ဦးတို့ လာရောက်လှူဒါန်းကြပြီး ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဆပ်ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်လှမြင့်နှင့် ဇနီး ဒေါ်စမ်းစမ်းအေး မိသားစုတို့က ခန့်မှန်းငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းနှင့် စိန်ပါ ရွှေဆွဲသီးတစ်ခု၊ အမေရိကန်ဒေါ်လာ ၁၀၀ နှင့် အလှူတော်ငွေ ကျပ်တစ်သိန်းတို့ကို လာရောက်လှူဒါန်းရာ ဘဏ္ဍာရေး ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ လင်းအောင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

နိုဝင်ဘာ ၇ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှု အစုစုမှာ အလှူတော်ငွေကျပ် ၁၆၇၈ ၉၄၁၀၊ အမေရိကန်ဒေါ်လာ ၂၀၇ ဒေါ်လာ၊ ရာမင်ဘီ ၂၃ ယွမ်၊ ထိုင်းဘတ် ၁၀၀၊ ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၅၆၀၀၊ စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ငွေပန်းအိုးနှစ်လုံးနှင့် ငွေကျပ် ငါးသိန်း တန်ဖိုးရှိ Non Jade ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူတို့ဖြစ်သည်။

(သတင်းစဉ်)

**❖ တင်သွင်းလာသည့်ကားများမှ**

မိမိတို့ဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအလိုက် ကြီးကြပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မော်တော်ယာဉ်အရောင်း စင်တာ (Used Car Sale Centre) အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ ကားတင်သွင်းသူများ အနေဖြင့် ပြည်ပမှ ကားတင်သွင်းရာတွင် ရေကြီးနစ်မြုပ်ဒဏ်ခံရသည့် ရေမြုပ်ကားများ တင်သွင်းခွင့်မပြုရန်နှင့် တင်သွင်းလာသည့်ကားများတွင် ရေမြုပ်ကားများ ပါဝင်ခြင်းမရှိစေရေး တာဝန်ရှိသည့်ဌာနများက စိစစ်ကြပ်မတ်အရေးယူသွားကြရမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ပြည်ပပို့ကုန်တန်ဖိုး ဒေါ်လာတစ်သိန်းနှင့် အထက်တင်ပို့ထားသည့် ကုမ္ပဏီ ၈၉၀ ကို လွန်ခဲ့သောငါးနှစ်အတွင်း ထုတ်လုပ်ခဲ့သော မော်တော်ကားတစ်စီးစီ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ကျန်ကဏ္ဍအလိုက် တင်သွင်းခွင့်ပြုမည့်ကိစ္စရပ်များကိုလည်း ဝန်ကြီးဌာနအလိုက် အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံမှုအနေနှင့် နိုဝင်ဘာ ၃ ရက်အထိ ကညနမှ စုစုပေါင်းယာဉ်စီးရေ ၁၃၂၁၂ စီး အပ်နှံခဲ့ပြီး နိုဝင်ဘာ ၄ ရက်အထိ မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ် စုစုပေါင်း မော်တော်ယာဉ်စီးရေ ၇၄၁၄ စီး ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြတ်စွယ်တော်လာရောက်ဖူးမြော်သူ ရဟန်းရှင်လူ ပြည်သူများအား ပို့ဆောင်ရေးဆပ်ကော်မတီက ကြိုပို့မော်တော်ယာဉ်ကြီးများဖြင့် အခမဲ့ကုသိုလ်ယူ ပို့ဆောင်ပေးစဉ်။**

(သတင်းစဉ်)

# အထက(၂) ဟင်္သာတ (၄၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ဟင်္သာတမြို့အထက(၂)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၄၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့) နံနက် ၉ နာရီတွင် ဟင်္သာတမြို့ အထက(၂) နဝရတ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲအခမ်းအနားသို့ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်၊ အလှူငွေများ ထည့်ဝင်လှူဒါန်းပါရန်နှင့် လိုက်ပါလိုသော ကျောင်းသား ကျောင်းသူဟောင်းများ နိုဝင်ဘာ ၁၂ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန် ဦးဖေသန်း ဖုန်း-၀၁-၅၃၉၅၇၅၊ ဦးစိုးမြင့်အောင် ဖုန်း-၀၁-၆၆၃၄၄၈၊ ဒေါ်အေးအေးစိန် ဖုန်း-၀၁-၆၄၃၇၈၆၊ ဦးစံလှ ဖုန်း -၀၉-၅၀၈၅၂၀၇၊ ဦးမောင်မောင်ကြည် ဖုန်း-၀၉-၅၀၂၉၅၄၃၊ ဦးရန်အောင် ဖုန်း -၀၉-၅၃၀၀၁၁၀၊ ဦးဖေသက် ဖုန်း-၀၁-၆၄၅၂၂၆၊ ဦးရဲထွန်း ဖုန်း-၀၁-၂၆၉၀၅၆၊ ဦးအောင်မြသန်း ဖုန်း-၀၁-၅၉၅၃၅၉၊ ဦးစိုးမြင့် ဖုန်း ၀၉-၈၆၁၀ ၉၆၉၊ ဒေါ်မော်မော် ဖုန်း-၀၁-၅၃၉၁ ၄၉၊ ဦးမျိုးဝင်းဇော် ဖုန်း -၀၉-၄၉၂၀၃ ၈၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# အခြေခံပညာ ဆရာ၊ ဆရာမများ၏ ကွန်ပျူတာသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာပဒေသာ ဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသည့် အခြေခံပညာ PGDMA ဆရာ ဆရာမများ၏ Hardware Training သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မုံရွာမြို့ ပညာ့အလင်းခေတ်မီစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး မုံရွာ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာမျိုးဟိန်းဇော်က Hardware Training သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းတွင် အခြေခံပညာ PGDMA ဆရာ ဆရာမ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကာတွန်းဆရာကြီး ဦးဘဂျမ်းကို ဂုဏ်ပြုကျင်းပသည့် ကာတွန်းပြပွဲ ပြန်လည်ကျင်းပ

ကွယ်လွန်သူ ကာတွန်းဆရာကြီး အလင်္ကာကျော်စွာ ဦးဘဂျမ်းကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပလာခဲ့သော ကာတွန်းပြပွဲ၊ မီးထွန်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို (၆၈)ကြိမ်မြောက်အဖြစ် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၃)လမ်း (အောက်လမ်း) ဦးဘဂျမ်းလမ်း၌ ယခုနှစ်မှစတင်၍ အစဉ်အလာမပျက် ပြန်လည် ကျင်းပနေပြီဖြစ်သည်။

ကာတွန်းပြပွဲတွင် အလင်္ကာကျော်စွာ ဦးဘဂျမ်း ရေးဆွဲခဲ့သော ကာတွန်းလက်ရာ အချို့နှင့်အတူ ယနေ့နာမည်ကြီး ကာတွန်းဆရာကြီးများ ဖြစ်ကြသည့် မြေဇာ၊ ငွေကြည်၊ ကာတွန်းမြင့်သိန်း၊ ရွှေမင်းသား၊ သစ်ထွဏ်း၊ တင်အောင်နီ၊ အောင်အောင်၊ မောင်မောင်ညှက်၊ ကာတွန်းငွေအုန်း၊ အောက်တိုဘာ အောင်ကြီးနှင့် လူငယ်ကာတွန်းဆရာ ၉၀ ခန့်တို့၏ ကာတွန်းကားပေါင်း ၃၀၀ ခန့်ကို နိုဝင်ဘာ ၈ ရက်မှ ၁၁ ရက် အထိ ပြသထားမည် ဖြစ်သည်။

ဆရာကြီး ဦးဘဂျမ်းကို ညောင်တုန်းမြို့နယ်၌ အထည်ကုန်သည် ဦးပန်-ဒေါ်မြစ်တို့က ၁၉၀၂ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။




**ဆရာကြီး၏ ပုံတူပန်းချီကားအား တွေ့ရစဉ်။**

ဆရာကြီးသည် ၁၉၃၀ ခုနှစ်မှစ၍ ရန်ကုန်ဂေဇက်၊ ဒီးဒုတ်ဂျာနယ်၊ ရယ်ရွှင်ဖွယ်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းနှင့် သူရိယသတင်းစာတို့တွင် ကာတွန်းများကို စတင်ရေးဆွဲခဲ့ပြီး သူ၏ ဦးဖျောက်ဆိပ်၊ ကိုပြူးနှင့် မပြုံးကလေး ဇာတ်ကောင်များသည် ထင်ရှားသည်။

ဆရာကြီးသည် ကာတွန်းရေးဆွဲရာတွင် ရယ်ရွှင်ဖွယ်သက်သက် အတွက် ရေးဆွဲသော ကာတွန်းများအပြင် ပြုပြင်ရေးဘက်သို့ ဦးတည်သော ကာတွန်းများနှင့် လူထုခံစားချက်များကို ဦးစားပေးရေးဆွဲခဲ့သည်။ ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ကာတွန်းများသည် ခေတ်အဆက်ဆက် ပြောင်းသွားသော်လည်း ယနေ့တိုင် ခေတ်မီလျက်ပင်ရှိသည်။ အကြောင်းမှာ ဆရာကြီးဦးဘဂျမ်း၏ အတွေးအခေါ်များမှာ ယထာဘူတကျခြင်း၊ လက်တွေ့ဆန်ခြင်းများကြောင့် ဖြစ်ကြောင်းလေ့လာသိရှိရသည်။ ။

**သတင်းမှတ်စု - ကိုကြီးသာ**



# အကြိမ်(၂၀)မြောက် ကမ္ဘာ့သစ်ခွညီလာခံတွင် သစ်ခွမျှင်ဖြင့် အလှဆင်ထားသော လော်ဝေါ် ရိုးရာဝတ်စုံ ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၈**

စင်ကာပူသမ္မတနိုင်ငံ မရီနာဘေးဆန်းစ် (Marina Bay Sands) ၌ နိုဝင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ အကြိမ်(၂၀)မြောက် ကမ္ဘာ့သစ်ခွညီလာခံ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင်နှင့် သစ်ခွပညာရှင်များဖြစ်ကြသော ဒေါက်တာစောလွင်နှင့် ဒေါက်တာပန်းခက်ခက်၊ ကချင်ပြည်နယ်လော်ဝေါ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ အဖွဲ့ဝင် ဒေါ်ဒိုင်ညွှယ်တို့ တက်ရောက်ကြမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ကမ္ဘာ့သစ်ခွညီလာခံတွင် သစ်ခွပညာရှင် ဒေါက်တာစောလွင်က "မြန်မာ့သစ်ခွများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အလားအလာ အခြေအနေများ" ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင် ဖတ်ကြားမည့်အပြင် အပြည်ပြည်ဆိုင်ရာ သစ်ခွ ပြိုင်ပွဲအကဲဖြတ်ပညာရှင်တစ်ဦး အဖြစ်လည်း ဆောင်ရွက်သွားမည် ဖြစ်သည်။

အကြိမ်(၂၀)မြောက် ကမ္ဘာ့သစ်ခွညီလာခံတွင် သစ်ခွမျှင်ဖြင့် အလှဆင်ထားသော လော်ဝေါ်ရိုးရာ ယဉ်ကျေးမှုဝတ်စုံဖြင့် ပြကွက်တစ်ကွက် ခင်းကျင်းပြသသွားမည်ဖြစ်၍ ပြပွဲလာသူများ စိတ်ဝင်စားမည့် ပြကွက်တစ်ကွက်ဖြစ်မည်ဟု ယုံကြည်ကြောင်း မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရသည်။ (မောင်လှိုင်)

# ထူးချွန်ထင်ရှားပေါင်းလောင်းသား ပန်းချီပြပွဲ ပြသ

**နေပြည်တော် နိုဝင်ဘာ ၈**

ပျဉ်းမနားမြို့မှ ခေတ်အဆက်ဆက် ထင်ရှားထူးချွန်ခဲ့သော ပုဂ္ဂိုလ်များကို ဂုဏ်ပြုသောအားဖြင့် မြို့နယ် ပန်းပညာရှင်များ အစည်းအရုံးကကြီးမှူး၍ ထူးချွန်ထင်ရှား ပေါင်းလောင်းသား အမည်ဖြင့် ပန်းချီပြပွဲကို ဗိုလ်ချုပ်လမ်းရှိ ငွေဆောင် အဆင့်မြင့်ရုပ်ရှင်ရုံ ပုလဲခန်းမ၌ နိုဝင်ဘာ ၅ ရက်မှ ၁၅ ရက်ထိ ခင်းကျင်းပြသလျက်ရှိသည်။

ယင်းပြပွဲတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာ၊ အားကစား တို့၌ထင်ရှားထူးချွန်ခဲ့ကြသော ပျဉ်းမနားမြို့မှ ပုဂ္ဂိုလ် ၅၂ ဦးတို့၏ ပုံတူပန်းချီကားများကို ပန်းချီဆရာ ၁၂ ဦးတို့က ရေးဆွဲပြသထားသည်။ (မျိုးညွန့်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ခန္ဓသုတ်၊
မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "မျှဝေသာဓု နိဗ္ဗာန်ဆု"
တရားတော်
(ဆရာတော်အရှင်သောဘန)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"စိတ်၏စေရာ"**
**(အပိုင်း-၂၀)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"တွဲလက်မဖြုတ်တမ်း"**
**(အပိုင်း-၁၅)**
၈း၄၀ Road To ဆေးပေါင်းခတဲ့
Rock Concert
၉း၀၅ ကုသိုလ်ပန်းများပွင့်လန်းရာ
မဟာစည်ကမ္မဋ္ဌာန်းရိပ်သာ
၉း၂၀ Activities In The City
၉း၃၀ အားကစားမြင်ကွင်းစုံ
၁၀း၀၀ ရည်မှန်းပူဇော် ကုသိုလ်ယူ. . .
ထပ်ကြီးဘုရားမှ မြတ်သောအလှူ
၁၀း၁၅ Activities In The City
၁၀း၃၀ လှုပ်ဖွယ်မြတ်သက်န်းရယ်နှင့်
ဂုဏ်တင့်ကာဝင့်ထည်စေမည့်
ရတနာမွန်
၁၀း၅၀ ဓာတ်ပုံထဲမှအမှတ်တရများ
၁၁း၁၅ စဉ့်ကူး (အ. ထ. က)၏
အာစရိယပူဇော်ပွဲ
၁၁း၄၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၅၀ စိတ်၏ကကြိုး
၁၂း၃၅ Activities In The City
၁၂း၅၀ CUISINE TIPS
(ဂျပန်ရိုးရာ ပင်လယ်စာ
HOT POT ပြုလုပ်နည်း)
၁း၀၀ "မျှဝေသာဓု နိဗ္ဗာန်ဆု"
တရားတော်
(ဆရာတော်အရှင်သောဘန)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း Selection
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"စိတ်၏စေရာ"**
**(အပိုင်း-၂၀)**
၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"တွဲလက်မဖြုတ်တမ်း"**
**(အပိုင်း-၁၅)**
၅း၀၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ
"အားလုံးကဟော့မှကြိုက်တယ်"
၅း၃၀ သီချင်းကောင်းကောင်း
သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ Road To ဆေးပေါင်းခတဲ့
Rock Concert
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"စိတ်၏စေရာ"**
**(အပိုင်း-၂၁)**
၇း၃၅ Cartoon Show Time
၈း၀၀ MRTV-4 သတင်း
၈း၃၀ ရယ်စရာဖေးရှင်း
(ဒီလိုကုမ္ပဏီမျိုး)
၈း၅၀ Celebrity Style
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
**"တွဲလက်မဖြုတ်တမ်း"**
**(အပိုင်း-၁၆)**
၁၀း၁၅ Road To ဆေးပေါင်းခတဲ့
Rock Concert
၁၀း၃၀ နေချင်စဖွယ်
အိမ်အလှဆင်ကြမယ်
၁၁း၀၅ "တစ်ပါးသီလ(၂)"
(ဖိုးသောကြာ၊
မြင့်စိုင်းသားအောင်အောင်၊
ဦးစောနိုင်(ရှမ်းပြည်)၊
ဒေါ်တင်တင်လှ၊ ဟန်လေး)
(ဒါရိုက်တာ-တင်မောင်အေး)
၁၁း၅၅ World of Knowledge
၁၂း၄၀ Industrial Talk
၁း၁၅ ဖန်တီးသူနှင့်အနုပညာ
၁း၃၅ အန္တရာယ်ကင်းသောမိခင်ဘဝ
(ဒေါက်တာသိန်းသိန်းဌေး)
၁း၄၅ အောင်မြင်သူတို့ဘဝ
(ကျော်ကြားသူတို့၏
မိလီယံတန်သောကလေးများ)
၂း၁၀ ဒို့တိုင်းဌာနီဧရာဝတီ
၂း၃၀ ပတ္တမြားမြေသို့
အလည်တစ်ခေါက်
၂း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၀ လင်းလက်တောက်ပ မီးဆိုင်းအလှ
၄း၁၅ ဖန်တီးသူတို့ကမ္ဘာ
၄း၂၅ ပဒုမ္မာကြာနွယ်ရိုးမှသည်
၄း၄၀ သာသနာပျိုးခင်း
၅း၀၀ အစီအစဉ်ပြီး။

# နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မိုးကုတ် နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးသိန်းအောင်နှင့် ဝန်ထမ်းများက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးခြင်းကို မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဝင်းရဲထွန်းနှင့် ပြင်ဦးလွင်ခရိုင် ဦးစီးဌာနမှူး ဦးအောင်မြင့်တို့က ကြီးကြပ်၍ စက်တင်ဘာ ၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကျပ်ပြင်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၇၇ ကတ်ကို လည်းကောင်း၊ ဗမွန်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြား ၇၀ ကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်းသိရသည်။

(မြို့နယ်/လဝက)

# အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၈**

ဝါဏိဇ္ဇတွဲ့ရများအသင်း(မြန်မာနိုင်ငံ)က ကြီးမှူး၍ အလုပ်ရုံဆွေးနွေးပွဲကို အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းက Basic Financial Instruments Part V ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အသင်းတိုက်ရှိရာ အမှတ်(၃၇/၄၁) လမ်း ၅၀(အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းရန်နှင့် ဖုန်း-၂၉၁၆၆၇ နှင့် ၀၉-၇၃၀၈၀၂၆၉၊ ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ**

# အဆင့်မြင့်ပညာဦးစီးဌာန ဇုန်အလိုက်ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန်　နိုဝင်ဘာ　၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဇုန်အလိုက်အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တက်ရောက်လာသူများသည် မန္တလေးဇုန်ဘော်လီဘောအသင်းနှင့် တောင်ကြီးဇုန်ဘော်လီဘောအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

**ဆုချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရ ပုသိမ်ဇုန်ဘော်လီဘောအသင်း၊ ဒုတိယဆုရ တောင်ကြီးဇုန်ဘော်လီဘောအသင်း၊ ပထမဆုရ မန္တလေးဇုန်ဘော်လီဘောအသင်းနှင့် အကောင်းဆုံးရိုက်ခုတ်ဆု၊ ပိတ်ဆို့ဆု၊ ပင့်ထောင်ဆု၊ ဆယ်မဆုတို့ကို တာဝန်ရှိသူတို့က ပေးအပ်ကြသည်။

ထို့နောက် ပထမဆုရရှိသော မန္တလေးဇုန်ဘော်လီဘောအသင်းအား တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲတွင် အနိုင်ရရှိသော အသင်းများအား ဆုချီးမြှင့်ရန်အတွက် ခင်မြန်မာ (Advertising Group)မှ ငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဇုန်အလိုက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးဇုန် ဘော်လီဘောအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# (၃၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်　နိုဝင်ဘာ　၈**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် (၃၇)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် ဝန်ကြီးဌာနများမှ စစ်တုရင်အသင်းများသည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပမည့် အသင်းခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရသည်။ ပြိုင်ပွဲတွင် ပထမတန်း အသင်းလိုက်ပြိုင်ပွဲ၊ ဒုတိယတန်းအသင်းလိုက်ပြိုင်ပွဲ၊ တတိယတန်း အသင်းလိုက်ပြိုင်ပွဲနှင့် အမြန်ရွှေ့အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တစ်ချက်တည်း ကျင်းဝင်

**နေပြည်တော်　နိုဝင်ဘာ　၈**

ဦးမောင်မောင်နိုင်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)သို့ ၁၂၉ ကိုက်အကွာမှ Titleist No.3 ဘောလုံးကို Iron No.8 (Ping) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးခင်မောင်အောင် (ခ) ကိုကြီး၊ ဦးအောင်မိုးကျော်(ဥက္ကဋ္ဌ၊ IBTC Group of Companies)၊ ဦးဇော်နိုင် (Myanmar Credent Technology)၊ ဦးဇော်မင်းတို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)





**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ၂၀၁၁ ခုနှစ် (၃၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ အလွတ်တန်းအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။**

*(သတင်းဖော်ပြပြီး)* (စစ်တုရင်အဖွဲ့ချုပ်)

# ဒိုင်လူကြီးနှင့် အမျိုးသမီးမြင်းစီးအားကစားသမား ပြိုင်ပွဲဝင်ရန် အင်ဒိုနီးရှားသို့ ထွက်ခွာ

**ရန်ကုန်　နိုဝင်ဘာ　၈**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြင်းစီးပြိုင်ပွဲကော်မတီ၏ ဖိတ်ကြားချက်အရ ဒိုင်လူကြီးတာဝန် ထမ်းဆောင်ရန် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် အလှစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အမျိုးသမီးမြင်းစီးအားကစားသမား အိသက်မွန်တို့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။**(ယာပုံ)**

ကမ္ဘောဇမြင်းစီးအားကစားအဖွဲ့ချုပ်၏ သတ်မှတ်ချက်အဆင့် အောင်မြင်ပြီးသော သိန်းဝင်း၊ သန်းလှိုင်၊ ဘခန့်နှင့် အောင်သူထွန်းတို့လည်း ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ဂျကာတာမြို့သို့ ကြိုတင်ရောက်ရှိနေကြပြီး မြန်မာအသင်းအနေဖြင့် 3 day Event ခေါ် သုံးရက် သုံးမျိုးပြိုင်ပွဲနှင့် Dressage ခေါ် အလှစီးပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန်ယူနှင့် ဖာဂူဆန်တို့၏ ရေစက်

မန်ချက်စတာ　နိုဝင်ဘာ　၈

**မန်ယူအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ မာတင်အက်ဒ်ဝက်စ်က မိမိတို့အနေဖြင့် ဆာအဲလက်စ် ဖာဂူဆန်ကို ၁၉၈၆ ခုနှစ်အတွင်းက မန်ယူသို့ ခေါ်ယူနိုင်ရန် တိုးတိုးတိတ်တိတ်ဆက်သွယ်မှုများ လုပ်ဆောင်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။**

အက်ဒ်ဝက်စ်သည် လွန်ခဲ့သည့် ၂၅ နှစ်တာကာလ ဖာဂူဆန် စကော့တလန်ကလပ် အဘာဒင်းအသင်းကို ကိုင်တွယ်စဉ်အချိန်က မန်ယူအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အက်ဒ်ဝက်စ်က မိမိတို့အနေဖြင့် ဖာဂူဆန်နှင့် စကားပြောခွင့်ရရန် မန်ယူအသင်း၏ အလုပ်အမှုဆောင် မိုက်ခ်အက်ဒယ်လ်ဆန်အား ဖာဂူဆန်နှင့် ခင်မင်ရင်းနှီးသော အလန်ဂျော်ဒန်ကဲ့သို့ စကော့တလန်အသံဖြင့် ပုံမှားရိုက်ကာ လျှို့ဝှက်တွေ့ဆုံနိုင်ရန် လုပ်ဆောင်ခဲ့ရကြောင်း၊ ယင်းနောက် ဖာဂူဆန်နှင့် တွေ့ဆုံခဲ့ပြီး အချိန်းအချက် ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထို့နောက် ဖာဂူဆန်နှင့် ယင်းနေ့ညနေပိုင်းတွင် ဆွေးနွေးခဲ့ကြောင်း၊ ယင်းသို့ဆွေးနွေးပြီး တစ်ရက်အကြာမှသာ မိမိအနေဖြင့် အဘာဒင်းအသင်းဥက္ကဋ္ဌနှင့် တရားဝင်ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းက မိမိတို့အနေဖြင့် အသင်း၏ လက်ရှိနည်းပြ အတ်ကင်ဆန်ကို ရာထူးမှ ထုတ်ပယ်လိုက်ခြင်းကြောင့် နည်းပြလက်မဲ့ဖြစ်နေ၍ ဖာဂူဆန်နှင့် လျှို့ဝှက်တွေ့ဆုံခဲ့ရခြင်း ဖြစ်ကြောင်း ဆိုသည်။ ထိုအချိန်က ဖာဂူဆန်မှာ ၁၉၇၉ ခုနှစ်မှစ၍ အဘာဒင်းအသင်းကို ကိုင်တွယ်ခဲ့သည့် ခုနစ်နှစ်ကာလအတွင်း စကော့တလန်အမှတ်ပေးဖလား သုံးကြိမ်၊ စကော့တလန် အက်ဖ်အေဖလား လေးကြိမ်၊ စကော့တလန်လိဂ်ဖလားနှင့် ယူအီးအက်ဖ်အေစူပါဖလား တစ်ကြိမ်စီတို့ကို ရယူပေးခဲ့သူဖြစ်သည်။

ယင်းနောက် ဖာဂူဆန်မှာ မန်ယူအသင်းသို့ ၁၉၈၆ ခုနှစ်တွင် ရောက်ရှိလာခဲ့သည်။ သို့သော် ၎င်းသည် ၁၉၉၀ ပြည့်နှစ်ရောက်မှသာ မန်ယူအသင်းအတွက် ပထမဦးဆုံး အက်ဖ်အေဆုဖလားကို ရယူပေးနိုင်ခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အက်ဒ်ဝက်စ်က ဖာဂူဆန်အနေဖြင့် အောင်မြင်မှုများရယူနိုင်ရန်အတွက် အချိန်ကာလတစ်ခုလိုအပ်နေကြောင်း၊ ယင်းကြောင့် မိမိတို့ စိတ်ရှည်စွာ စောင့်ဆိုင်းခဲ့ပြီး ရာထူးမှ မထုတ်ပယ်ခဲ့ကြောင်း၊ ယခုလက်ရှိအချိန်တွင် ဘောလုံးလောက နည်းပြများမှာ ဖိအားများဖြင့် ရင်ဆိုင်နေကြရကြောင်း၊ ယင်းကို မိမိတို့နားလည်ပေးနိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းကာလမှစ၍ ဖာဂူဆန်မှာ အောင်မြင်မှုများကို တရှိက်မက်မက် ရှာဖွေခဲ့ရာ ယခုအချိန်တွင် ပရီမီယာလိဂ် နည်းပြများထဲတွင် အအောင်မြင်ဆုံး နည်းပြအဖြစ် ရပ်တည်နိုင်ရုံမျှမက ဘောလုံးလောက၏ ဂုရုအဖြစ် ရပ်တည်နေနိုင်လျက်ရှိသည်။ ***အင်တာနက်။***

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



***ဘောလုံးလောက၏ ဂုရုကြီး ဖာဂူဆန်။***

# စပါးတွင် ကစားရသည်ကို ပျော်ရွှင်ကြောင်း ဗန်ဒါဗတ် ထုတ်ဖော်ပြောကြား



***စပါးအသင်း၏ ကွင်းလယ်ကစားသမား ရာဖေးလ်ဗန်ဒါဗတ်။***

**လန်ဒန်　နိုဝင်ဘာ　၈**

စပါးအသင်း၏ ကွင်းလယ်ကစားသမား ရာဖေးလ်ဗန်ဒါဗတ်က မိမိအား အသင်းတွင် အခြေကျအောင် ကူညီပေးခဲ့သည့် နည်းပြ ဟာရီရက်နက်ပ်ကို ကျေးဇူးတင်ကြောင်း၊ စပါးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရ၍ ပျော်ရွှင်ကြောင်း၊ ဆက်လက်ပြီး အသင်းအတွက် အကောင်းဆုံးပေးဆပ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၂၈)နှစ်အရွယ် ရီးယဲလ် ကစားသမားဟောင်း ဗန်ဒါဗတ်သည် ပြီးခဲ့သည့် ပွဲစဉ်များအတွင်း စပါးအသင်းအတွက် အကောင်းဆုံးပုံစံဖြင့် ပေးဆပ်ခဲ့သဖြင့် စပါးအသင်း၏ ဂန္ထဝင်ကစားသမားဟောင်းများဖြစ်သည့် တက်ဒီရှာရင်ဂမ်၊ ရော်ဘီကိန်းတို့နှင့်ပင် ခိုင်းနှိုင်းခံခဲ့ရသည်။

ထို့ပြင် ဗန်ဒါဗတ်က မိမိအနေဖြင့် အမ်စတာဒမ်၊ ဟမ်းဘတ်၊ မက်ဒရစ်တို့ကဲ့သို့သော အကောင်းဆုံးမြို့ကြီးများတွင် နေထိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုလန်ဒန်တွင် နေထိုင်လျက်ရှိကြောင်း၊ လန်ဒန်မြို့သည်လည်း အကောင်းဆုံး မြို့တစ်မြို့ဖြစ်သည့်အပြင် ယင်းရှိ ကျောင်းများမှာ အဆင့်အတန်းမြင့်မားသဖြင့် မိမိ၏သားဒါမိန်းအတွက် အလွန်သင့်လျော်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အသင်းမှ ထွက်ခွာရန် မည်သည့်အကြောင်းမျှ မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းသည် ပြီးခဲ့သည့် ပွဲစဉ်ခုနစ်ပွဲအတွင်း စပါးအသင်းအား ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အဆင့် (၅) အတွင်း ဝင်နိုင်စေရန် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ***အင်တာနက်။***

**ဟိုင်းထက်လင်း**

## နိုင် ငံ တ ကာ အ န ပ ညာ ရပ် ဝန်း

# ၂၀၁၁ ခုနှစ် မယ်ကမ္ဘာသရဖူ ဗင်နီဇွဲလားမယ် အီဗန်ဆာကော့စ်ဆွတ်ခူး

**အေဝမ်းစိုး**

**၂၀၁၁ ခုနှစ်၏ မယ်ကမ္ဘာသရဖူရွေးချယ်ပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်တွင် တနင်္ဂနွေနေ့က ခမ်းခမ်းနားနား ကျင်းပခဲ့ရာ အသက် (၂၂)နှစ်ရှိ ဗင်နီဇွဲလားမယ် အီဗန်ဆာကော့စ်က မယ်ကမ္ဘာသရဖူကို ဆွတ်ခူးရရှိသွားသည်။**

၂၀၁၁ ခုနှစ်၏ မယ်ကမ္ဘာသရဖူပိုင်ရှင် အီဗန်ဆာကော့စ်သည် အသက်ရှစ်နှစ်အရွယ်တွင် မိဘမဲ့ဖြစ်ခဲ့ရပြီး သီလရှင်ကျောင်း တစ်ကျောင်းတွင် ကြီးပြင်းလာသူဖြစ်သည်။ ဆာကော့စ်သည် လူ့စွမ်းအားအရင်းအမြစ် ဘာသာရပ်ဖြင့် ဘွဲ့ရရှိထားပြီး အသံလွှင့်ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသူ တစ်ဦးဖြစ်သည်။

ယမန်နှစ် မယ်ကမ္ဘာသရဖူပိုင်ရှင် အမေရိကန်အလှမယ် အလက်ဇန္ဒြားမေးလ်စ်က သူမဆင်မြန်းထားသည့် ငွေရောင်လက်နေသော သရဖူကို ၎င်း၏ အရိုက်အရာဆက်ခံမည့် ဗင်နီဇွဲလားမယ် အီဗန်ဆာကော့စ်၏ ဦးခေါင်းပေါ်သို့ လွှဲပြောင်းဆင်မြန်းပေးလိုက်သည်။

ယခုနှစ် မယ်ကမ္ဘာပြိုင်ပွဲတွင် ဖိလစ်ပိုင်အလှမယ် ဂွမ်ဒိုလိုင်း အာယူရာအစ်က ဒုတိယဆုဆွတ်ခူးရရှိသွားပြီး ပွယ်တိုရီကိုအလှမယ် အမန်ဒါပီရက်ဇ်က တတိယဆု ဆွတ်ခူးရရှိသွားသည်။

လန်ဒန်မြို့တွင် ကျင်းပခဲ့သည့် ယခုနှစ် မယ်ကမ္ဘာပြိုင်ပွဲကို နိုင်ငံကိုယ်စားပြု အလှမယ် ၁၁၃ ဦးတို့က သူ့ထက်ငါ အလှချင်းပြိုင်သည့် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ပုံများကို နိုင်ငံပေါင်း ၁၅၀ မှ ကမ္ဘာ့ပြည်သူ သန်း ၁၀၀၀ ကျော်တို့က ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မှုများကို စောင့်မျှော်ကြည့်ရှုခဲ့ကြသည်။

မယ်ကမ္ဘာဟောင်း ကိုးဦးပါဝင်သည့် အကဲဖြတ်ဒိုင်အဖွဲ့က နောက်ဆုံးဆန်ခါတင် ခုနစ်ဦးကို ရွေးချယ်ခဲ့ရာတွင် အင်္ဂလန်အလှမယ်၊ ကိုရီးယားအလှမယ်၊ ဖိလစ်ပိုင်အလှမယ်၊ ပွယ်တိုရီကို အလှမယ်၊ စကော့တလန် အလှမယ်၊ တောင်အာဖရိကအလှမယ်နှင့် ဗင်နီဇွဲလားအလှမယ်တို့ ပါဝင်ကြသည်။



၂၀၁၁ ခုနှစ်၏ မယ်ကမ္ဘာသရဖူဆု ဆွတ်ခူးရရှိသူ၏ အမည်ထုတ်ပြန်ကြေညာခြင်းမပြုမီ တောင်အာဖရိက သမ္မတဟောင်း ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် နယ်ဆင် မန်ဒဲလားထံမှ ပေးပို့သော သဝဏ်လွှာကို ၎င်း၏ မြေးတစ်ဦးက ဖတ်ကြားတင်ပြသည်။

မယ်ကမ္ဘာပြိုင်ပွဲကို ၁၉၅၁ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ်အတွက် မယ်ကမ္ဘာပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ မွန်ဂိုလီးယားဒေသ၌ ကျင်းပသွားမည်ဖြစ်သည်။ ***အင်တာနက်။***

# ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ အထူးစည်ကား

## ဥပ္ပါတသန္တိစေတီတော်အတွင်း ဘာဝနာပွားများလိုသူများအတွက် ခင်းကျင်းပေးထား

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ **စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့ တတိယနေ့ နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

မြတ်စွယ်တော်ဖူး လာရောက်ကြသည့် ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် လမ်းမလျှောက်နိုင်သူများအား အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တို့ရှိ ဓာတ်လှေကားတို့ဖြင့် လွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသကဲ့သို့ လူမှုရေးအသင်းအဖွဲ့ဝင်များကလည်း သက်ကြီးရွယ်အိုများနှင့် လမ်းမလျှောက်နိုင်သူတို့အား ဘီးတပ်ကုလားထိုင် (Wheel Chair) တို့ဖြင့် လည်းကောင်း၊ ဖေးမတွဲကူ၍ လည်းကောင်း ဗုဒ္ဓမြတ်စွယ်တော်ဖူးမြော်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**





> **လာရောက် ဖူးမြော်ကြည်ညို**
>
> **တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။**
>
> (သတင်းစဉ်)

# တင်သွင်းလာသည့်ကားများတွင် ရေမြုပ်ကားများမပါရန် စိစစ်ကြပ်မတ်

## နိုဝင်ဘာ ၄ ရက်အထိ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် ၇၄၁၄ စီးထုတ်ပေးခဲ့

**နေပြည်တော် နိုဝင်ဘာ ၈**

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၁၁)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေး၌ ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် တင်သွင်းခွင့်ပြုမည့် ကုမ္ပဏီ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက လုပ်ငန်းကဏ္ဍအလိုက် ကြီးကြပ်တာဝန်ခံ စိစစ်ပြီး အမည်စာရင်းနှင့်တကွ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ တင်ပြအကြောင်းကြားလာပါက တင်သွင်းခွင့်လိုင်စင်/ပါမစ် ထုတ်ပေးနိုင်ရေးအတွက် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

**မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်**



**မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၁၁)တွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

### မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်းမီးကျန် မရှိပါစေနှင့်။

(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။

(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။

(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။

(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန်မရှိအောင် စနစ်တကျ စစ်ဆေးပါ။

(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။

(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများထားပါ။

မီးသတ်ဦးစီးဌာန


ယ နေ့ သ တ င် း အ ညွှ န် း

**ဗြိတိန်ဝန်ကြီးချုပ်နှင့် လန်ဒန်မြို့တော်ဝန်တို့ အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ခွင့်မရှိ**

“၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပွဲတော် အထိမ်းအမှတ် မီးရှူးတိုင်ကို မေ ၁၇ ရက်မှစ၍ ရက်ပေါင်း ၇၀ တိုင် နိုင်ငံတစ်ဝန်း လက်ဆင့်ကမ်းသယ်ဆောင်မည်”

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

**ပဉ္စမအကြိမ် အာဆီယံရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အမျိုးသားအဆင့်) ကျင်းပ**

“တိုက်ရိုက်မေးခွန်းများ၊ အမှားအမှန်ရွေးချယ်ခြင်းနှင့် ဗီဒီယို ရုပ်မြင်သံကြား ရိုက်ကူးထားရှိမှုများကို ကြည့်ရှုဖြေဆိုခြင်း စသည်တို့ဖြင့် ယှဉ်ပြိုင်ဖြေဆို”

ပြည်တွင်းသတင်း စာမျက်နှာ - ၈

**စပါးတွင် ကစားရသည်ကို ပျော်ရွှင်ကြောင်း ဗန်ဒါဗတ် ထုတ်ဖော်ပြောကြား**

“ဗန်ဒါဗတ်က စပါးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရ၍ ပျော်ရွှင်ကြောင်း၊ မိမိအနေဖြင့် အသင်းမှထွက်ခွာရန် မည်သည့်အကြောင်းမျှ မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့”

အားကစားသတင်း စာမျက်နှာ - ၁၀